# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၇

အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း ပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ရောင်းချရန်ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။


ယနေ့ ဇတ်စရာ

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရန်ကုန်မြို့မှထွက်ခွာ**

ပြည်တွင်းသတင်း စာ ၁၅

**ဗီယက်နမ်နိုင်ငံ၌ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် သက်ကြီးရွယ်အိုများအတွက် ဆေးရုံစရိတ် ကင်းလွတ်ခွင့်ပြုရန် အဆိုပြု**

နိုင်ငံတကာသတင်း စာ ၁၄


## ထူးခြားသည့် ညအပူချိန်များ (၁၇-၁၁-၂၀၂၅)

| | |
|---|---|
| ဟားခါးမြို့ | ၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၇ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❑ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အကြိမ်(၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသော ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**“ အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်း အတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက်လက်ဝတ်ရတနာ အတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ”**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ပုလဲများထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာ ပစ္စည်းများထုတ်လုပ်မှုနှင့် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်**

အဆိုပါ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျောက်စိမ်းရိုင်းအတွဲ ၅၀၆၄ တွဲ၊ ကျောက်စိမ်းအချောထည်အတွဲ ၂၁ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲ၊ ကျောက်မျက် လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ၊ ပုလဲအတွဲ ၄၈၉ တွဲတို့ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေများဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A)ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။



အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းကို ၁၁ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာလိုက် အကောင်းဆုံးဆုများဖြစ်သည့် အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံး ဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးဆုရရှိသူများနှင့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများ၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ယနေ့အထိ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်ဆေးအကဲဖြတ်သူနည်းစနစ်သင်တန်း (Assessor Methodology Training) သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၁၇**

စစ်ဆေးအကဲဖြတ်သူ နည်းစနစ်သင်တန်း (Assessor Methodology Training) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)၌ ကျင်းပရာ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA ၏ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မည့် စစ်ဆေးအကဲဖြတ်သူ(Assessor)များသည် Key Player များအဖြစ် ပါဝင်ဆောင်ရွက်ရသည့်အတွက် Assessor များ၏အခန်းကဏ္ဍ အလွန်အရေးပါကြောင်း၊ စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လက်တွေ့သုံးပစ္စည်းများကို ကြိုတင်စစ်ဆေးခြင်း၊ ဖြေဆိုသူလက်စွဲစာအုပ်ပါ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းမျှဝေခြင်း၊ ဖြေဆိုရာတွင် တွေ့ကြုံနိုင်သောအခက်အခဲများမျှဝေခြင်း၊ စာတွေ့/လက်တွေ့ နမူနာပုံစံများ မျှဝေခြင်း၊ ဖြေဆိုမည့်သူများ ဝင်ရောက်ဖြေဆိုရန် အရည်အချင်းပြည့်မီမှုရှိ/မရှိ အကဲဖြတ်ခြင်း၊ ကြိုတင်စိစစ်ခြင်းတို့အပြင် ဖြေဆိုသူများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးရကြောင်း၊ သင်တန်းတက်ရောက်လာသူ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် သင်တန်းတွင် ပို့ချပေးသည့် အသိပညာ၊ ဗဟုသုတများကို လက်တွေ့ လိုက်နာဆောင်ရွက်နိုင်ရေး သေချာမှတ်သားသွားစေလိုကြောင်း။



NSSA အသိအမှတ်ပြု Assessor များအဖြစ် ၂၀၁၄ ခုနှစ်မှ စတင်အသိမှတ်ပြုပေးခဲ့ရာ ယနေ့အထိ Assessor ၉၁၄ ဦး အသိအမှတ်ပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ တက်ရောက်လာသူများအနေဖြင့် Assessor အသိအမှတ်ပြုလက်မှတ်ရရှိပါက NSSA ၏ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ခေတ်အလိုက် ပြောင်းလဲတိုးတက်သည့် နည်းပညာများကို အမီလိုက်နိုင်စေရေး စဉ်ဆက်မပြတ်လေ့လာသွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် ( ၃ / ၂၀၂၅ ) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံး အသီးသီးတို့တွင် တာဝန်ထမ်းဆောင်ကြမည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့် သင်တန်းအမှတ်စဉ် (၃ / ၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကျင်းပရာတွင် လိုက်နာကျင့်သုံးရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းထားပြီး အဆိုပါ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်ရန် လိုအပ်ကြောင်း၊ လာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲ အပိုင်း (၁) စတင်ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲစနစ်အနေဖြင့် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်အပြင် FPTP စနစ်နှင့် PR စနစ်ကို ပေါင်းစပ်ထားသည့် ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (Mixed Member Proportional–MMP) ကိုပါ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲစနစ်နှင့် စပ်လျဉ်း၍ သင်တန်းတွင် စာတွေ့ လက်တွေ့ စနစ်တကျသင်ကြားပေးမည်ဖြစ်ကြောင်း။

မဲပေးသည့်စနစ်အနေဖြင့် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) များကို ကြိုတင်ဆန္ဒမဲများကလွဲ၍ အသုံးပြုပြီး လွယ်ကူရိုးရှင်းစွာ မဲပေးရမည်ဖြစ်ပါကြောင်း၊ မဲပေးစက်နှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးခြင်း၊ လက်တွေ့ စမ်းသပ်မဲပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မဲပေးစက်များကို ကြိုတင်စစ်ဆေးခြင်း၊ အပိုင်းလိုက် သယ်ယူပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်းများကို စနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစေရန်အတွက် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့ကို ထပ်မံကပ်ထားပေးမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် ထည့်သွင်းရန် တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ မဲစာရင်းများ ကပ်ထားရာတွင် စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ကြီးကြပ်ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ မဲဆွယ်စည်းရုံးရေးနှင့်စပ်လျဉ်း၍ စနစ်တကျဖြစ်စေရန် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ကြရန် လိုပါကြောင်း။

မြို့နယ်များတွင် အများယုံကြည်လေးစားခြင်းခံရသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အဖွဲ့ဝင်များရှိပြီး မြို့နယ်ဦးစီးအရာရှိအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ရှိပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတစ်ခု၏ ဂုဏ်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီကျင့်စဉ်ကို အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲများကိုကျင်းပရမည်ဖြစ်ပြီး နိုင်ငံအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ မှတ်ကျောက်တင်ခံရသည့် ရွေးကောက်ပွဲများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သင်တန်းသားအရာရှိများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် သင်ခန်းစာများသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်၍ အလေးအနက်ထား လေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU) များ လက်မှတ်ရေးထိုး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects–QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်၊ ဒုတိယဝန်ကြီးများ၊ အကောင်အထည်ဖော်မည့် ဌာနများမှ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ သံရုံး ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မှတ်တမ်းမော်ကွန်းများကို ဒစ်ဂျစ်တယ်နည်းဖြင့် ထိန်းသိမ်းခြင်း မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသား စီမံကိန်းဝန်ကြီးဌာန၊ အင်းလေးဒေသရှိ ငလျင်ဒဏ်သင့်တိုင်းရင်းသားများအတွက် အိမ်သုံးဆိုလာစနစ်များထောက်ပံ့ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမြတ်မုနိဘုရားတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော အနုပညာလက်ရာများ အစားထိုးရေးဆွဲခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံနို့စားကျွဲမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံရှိ သမဝါယမ အသင်းသားတောင်သူများထံသို့ မှတ်ပုံတင်ထားပြီး အရည်အသွေးမြင့်မားသော ဝါနှင့်မတ်ပဲမျိုးစေ့များ ပံ့ပိုးခြင်းဖြင့် လယ်ယာကုန်ထုတ်စွမ်းအား မြှင့်တင်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ JCB အမျိုးအစား Breaker Gun ပါဝင်သော မြေတူးကော်တင်စက် (အသေး) တစ်စီးဝယ်ယူခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအတွက် ပုံစံမပျက်စစ်ဆေးသော စမ်းသပ်ကိရိယာများ ဝယ်ယူခြင်း စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ Offline အင်္ဂလိပ်ဘာသာစကားသင်တန်းတည်ထောင်ဖွင့်လှစ်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်းဝါနှင့် မတ်ပဲမျိုးများရရှိရေးလုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဆိုလာစွမ်းအင်သုံးရေတင်ခြင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့က လက်မှတ်ရေးထိုးကြပြီး အဆိုပါနားလည်မှုစာချွန်လွှာများတွင် အိန္ဒိယနိုင်ငံအစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma က လက်မှတ်ရေးထိုးသည်။ **(အောက်ဝဲပုံ)**



စီမံချက်များသည် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၈၉၇၃၅ ရှိပြီး စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များပါဝင်သည့် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးပူးတွဲကော်မတီများဖွဲ့စည်း၍ ကြီးကြပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

QIP စီမံချက်များသည် နှစ်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ တတိယနှစ်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်းဖြစ်သည်။

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ငါးခု၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခု၊ ယခု ၂၀၂၅– ၂၀၂၆ ဘဏ္ဍာနှစ်တွင် QIP စီမံချက် ၁၀ ခုကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်အလိုက် QIP စီမံချက်များကို ဆက်လက်ဆောင်ရွက်ရန် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**၁၇ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# အလိုဟဲ့ အိုဘယ့် ဘီဘီစီ

8 www.gnlm.com.mm 17 NOVEMBER 2025 THE GLOBAL NEW LIGHT OF MYANMAR 9

**OPINION**

## Choose those who can benefit the nation and the people

THE date set for the 2025 multiparty democratic general election is gradually approaching. The Union Election Commission has announced that Part (1) of the election, scheduled for 28 December this year, will cover a total of 102 townships, while Part (2), to be held on 11 January 2026, will include 100 townships.

Under the new electoral system, only the Pyithu Hluttaw will continue to use the previous First-Past-the-Post (FPTP) system, while the Amyotha Hluttaw and the Region or State Hluttaws will adopt the Mixed Member Proportional (MMP) system. In fact, no country in the world has a completely perfect electoral system. Each nation modifies and applies a system that best suits its own circumstances. Similarly, Myanmar has decided to combine the previously used FPTP system with the MMP system for its upcoming elections.

When voting, decisions should not be based on emotions or personal reasons, but rather made with wisdom and sound judgment. Voters should cast their votes for individuals who can truly work for the good and

By adopting the MMP system, smaller parties and ethnic parties will be able to gain representation in proportion to the votes they receive. Due to the FPTP system, the

**ARTICLE**

## The BBC

By Tun Myint Kyaw (LA)

SOME call it the British Boring Corporation. Some call it the British Bullshit Corporation. Take a pick! No matter how it is called, it's the same slimy fake news corporation.

They have been spreading fake news for decades. Millions of people in the underdeveloped nations faithfully listen and believe reports by these slimy journalists as "prophetic"! Myanmar has been on the front lines of the nonstop fake and fabricated news from The Corporation.

It is so big with a highly powerful, twisted PR machine at its disposal that they have managed to escape their sins for a long time. No one has been able to counter The Corporation. They have had multiple pedo-scandals. This is real! People in Myanmar should know all of this. Check online for these pedo-related scandals. There are other scandals too, but through and through, they managed to bury their crimes and move on business as usual.

It has taken the most powerful and courageous leader in President Donald Trump to lift the veil off the fake news BBC.

They have had an uninterrupted run of spreading fake news for so long, they must have been blinded by their high-to-the-heavens arrogance when they doctored a speech of President Trump and released the fake documentary a week before the US elections last year. They had to keep their heads down in the first term. They can't fathom the fact that the person, whom they absolutely disdain to the core, is about to capture the second term. By releasing the doctored video one week before the elections, they were tossing a "Hail Mary" to influence the US elections, hoping their efforts would tip the scales. It was a thug from America's closest ally who authored the Russia dossier, causing great damage in President Trump's first term. Again, it was The Corporation from America's closest ally that tried to sabotage the victory for the second term.

So, it wasn't Russia after all. That Russia, Russia, Russia was a hoax all along.

Higher powers are looking down on the well-being of the world after all. The Corporation's attempt to influence the US election failed miserably. President Trump won in a landslide, and now their egregious actions have come to haunt The Corporation. These latest developments will make the world a better place.

Let's give an explanation so that the readers are clear of what happened. President Trump's speech on 6 January 2021was 24 pages long. The Corporation took the first sentences in the first page and what was said in the last sentence in the last page, and put the two bits together so that it looked like President Trump was calling for violence. By any Western journalistic standards, it was a grossly unethical and cardinal sin of journalism. They doctored that speech from 2021 and released it one week before the 2024 US elections. It was blatantly misleading the audience into thinking that President Trump said something that he did not say.

These kinds of fraud still hid and hung on as long as they could. But under pressure from the White House, the CEO and director-general have resigned. Their chairman has publicly apologized. Finally, on their knees! President Trump's press secretary has called the BBC "100 per cent fake news". Way to go! Bravo!

Even caught with their pants down, the outgoing director-general, who has fallen on his sword, said there is nothing wrong at all and is very proud of journalism in that Corporation. He even said it was the fault of "the enemies"; all of this is coming out. "Some mistakes have caused us".

Some mistakes??? The outgoing CEO said the outlet is "not institutionally biased", in response to President Trump's claim of "corrupt journalists", and went on to say we are "the world's most trusted news provider". What in the world! Have they no shame! No, they don't. They have not an iota of dignity! These are the slimiest of the slimes.

> *Even caught with their pants down, the outgoing director-general, who has fallen on his sword, said there is nothing wrong at all and is very proud of journalism in that Corporation. He even said it was the fault of "the enemies"; all of this is coming out. "Some mistakes have caused us".*

Now let's turn to Myanmar. The BBC has been spreading fake news and interfering in the affairs of Myanmar for a long time. These types couldn't accept the reality that the sun set on the Empire a long time ago. They must continue to interfere and cause instability in a country like Myanmar, which, in their fantasy, is still a colony. There is even a BBC Myanmar Service for what reason: 1) they can't let it go and 2) strictly for continued interference, and maybe 3) information gathering.

They will interfere in Myanmar's upcoming elections. They will come in legally and illegally. The sovereignty of a small nation like Myanmar doesn't matter to them. After all, it's still a colony, right? They did so by illegally entering the country in the immediate aftermath of the devastating earthquake a few months ago. Don't let in any of these fake news thugs. The low-IQ fake news "journalist" even openly proclaimed in the news that the entry was illegal. The next time they come in and get caught, prosecute them to the maximum extent of the law. Make the legal proceedings public. Let the whole world know. Shame them! In this day of age, they can no longer claim that the legal system in the underdeveloped countries is are "kangaroo court". How can The Corporation still claim that news outlets from other countries are beneath their journalistic standards? Let's get real!

ဘီဘီစီ (BBC) ဆိုတာကို တချို့က "ဖြိတ်သျှပျင်းစရာကော်ပိုရေးရှင်း" (British Boring Corporation) လို့ ခေါ်ကြတယ်။ တချို့ကျတော့လည်း "ဖြိတ်သျှ အလိမ်အညာကော်ပိုရေးရှင်း" (British Bullshit Corporation) လို့ ဆိုကြတာပေါ့။ ကြိုက်တာရွေးခေါ်လိုက်၊ ဘယ်လိုပဲခေါ်ခေါ် အဲဒီပေါက်ပန်းလေးဆယ် အလိမ်အညာ သတင်းဖြန့်တဲ့ ကော်ပိုရေးရှင်းကတော့ အတူတူပဲ။

သူတို့ဟာ ဆယ်စုနှစ်ပေါင်းများစွာတည်းက လိမ်ညာတဲ့ သတင်းတွေကို ဖြန့်ချိလာခဲ့တာ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူသန်းပေါင်းများစွာဟာ ဒီပေါက်ပန်းလေးဆယ်သတင်းသမားတွေရဲ့ သတင်းဆိုတာတွေကို အဟုတ်ထင်ပြီး ယုံယုံကြည်ကြည် နားထောင်ခဲ့ကြတာ။ မြန်မာနိုင်ငံကလည်း ဒီကော်ပိုရေးရှင်းရဲ့ မရပ်မနား လိမ်ညာဖန်တီးတဲ့ သတင်းတု၊ သတင်းယောင်တွေရဲ့ ရှေ့တန်းမှာ ပါဝင်ခဲ့ရတာပဲ။

သူတို့က အလွန်ကိုကြီးမားပြီး အစွမ်းထက်၊ ပရိယာယ်များတဲ့ PR (လူထုဆက်ဆံရေး) ယန္တရားကြီးကို ပိုင်ဆိုင်ထားတော့ သူတို့ရဲ့အပြစ်၊ ဒုစရိုက်တွေကို အချိန်အတော်ကြာ ဖုံးကွယ်ထားနိုင်ခဲ့တယ်။ ဒီကော်ပိုရေးရှင်းကို ဘယ်သူမှ ပြန်မတိုက်နိုင်ခဲ့ဘူး။ သူတို့မှာ ကလေးသူငယ်လိင်အလွဲသုံးစားမှု (pedo – pedophilia) အရှုပ်တော်ပုံတွေတောင် အများကြီးရှိခဲ့တယ်။ ဒါတွေက တကယ်ဖြစ်ခဲ့တာနော်။ မြန်မာနိုင်ငံကလူတွေ ဒါတွေအားလုံးကို သိထားသင့်တယ်။ အွန်လိုင်းမှာ ဒီ pedo နဲ့ပတ်သက်တဲ့ အရှုပ်တော်ပုံတွေကို ရှာကြည့်ကြပါ။ တခြားအရှုပ်တော်ပုံတွေလည်း ရှိသေးတယ်၊ ဒါပေမယ့် သူတို့ဟာ သူတို့ရဲ့ ရာဇဝတ်မှုတွေကို ဖုံးကွယ်ပြီး ဘာမှမဖြစ်သလို မှင်သေသေနဲ့ အလုပ်ဆက်လုပ်သွားခဲ့ကြတာ။

ဒီအလိမ်အညာ BBC ရဲ့ မျက်နှာဖုံးကို ဆွဲလှန်ဖို့အတွက်တော့ သမ္မတ ဒေါ်နယ်ထရမ့်လို အစွမ်းအထက်ဆုံးနဲ့ သတ္တိအရှိဆုံး ခေါင်းဆောင်တစ်ယောက် လိုအပ်ခဲ့တာပဲ။ သူတို့ဟာ အလိမ်အညာသတင်းတွေကို မရပ်မနား၊ အတားအဆီးမရှိ ဖြန့်ချိလာခဲ့တာ အတော်ကြာပြီဆိုတော့၊ သူတို့ရဲ့ ကောင်းကင်ဘုံအထိရောက်အောင် မြင့်မားနေတဲ့မာနတွေကြောင့် ဘာမှမမြင်နိုင်တော့ဘဲ ကန်းသွားကြတော့တာပဲ ။ ဘာလို့လဲဆိုတော့... ပြီးခဲ့တဲ့နှစ် အမေရိကန်ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ သမ္မတထရမ့်ရဲ့ မိန့်ခွန်းတစ်ခုကို ဖြတ်တောက်၊ ပြင်ဆင်ပြီးတော့ အဲဒီအလိမ်အညာ မှတ်တမ်းရုပ်သံကို ထုတ်ပြန်ခဲ့လို့ပဲ။

> ❖ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ သမ္မတထရမ့် ပြောခဲ့တဲ့ မိန့်ခွန်းဟာ စာမျက်နှာ ၂၄ မျက်နှာရှိတယ်။ ဒီကော်ပိုရေးရှင်းက ဘာလုပ်လဲဆိုတော့ ပထမစာမျက်နှာရဲ့ ပထမဆုံးစာကြောင်းတွေကိုယူတယ်။ ပြီးတော့ နောက်ဆုံးစာမျက်နှာရဲ့ နောက်ဆုံးစာကြောင်းက ပြောခဲ့တာတွေကို ယူလိုက်တယ်။ အဲဒီအပိုင်းနှစ်ခုကို ပေါင်းစပ်လိုက်တာဟာ သမ္မတထရမ့်က အကြမ်းဖက်ဖို့ လှုံ့ဆော်ခဲ့သလိုမျိုး ပုံစံပေါက်သွားတယ်
>
> ❖ ဘယ်လို အနောက်တိုင်း သတင်းကျင့်ဝတ်စံနှုန်းနဲ့ပဲကြည့်ကြည့်၊ ဒါဟာ သတင်းသမားတွေရဲ့ကျင့်ဝတ်ကို အကြီးအကျယ်ချိုးဖောက်ပြီး မလုပ်သင့်တဲ့အပြစ် (cardinal sin of journalism) တစ်ခုပဲ

သူတို့ဟာ(ဒေါ်နယ်ထရမ့်) ပထမ သက်တမ်းတုန်းက ခေါင်းငုံ့နေခဲ့ရတယ်။ သူတို့ အသည်းအထန်မုန်းတီးရွံရှာတဲ့ အဲဒီလူက ဒုတိယသက်တမ်းကို ရတော့မယ်ဆိုတဲ့အချက်ကို သူတို့နားလည်နိုင်စွမ်းမရှိဘူး ဖြစ်နေတာ။

ဒါကြောင့် ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ မဟုတ်မမှန် ပြင်ဆင်ထားတဲ့ ဗီဒီယိုအတုကို ထုတ်လိုက်တာဟာ အမေရိကန်ရွေးကောက်ပွဲကို ဩဇာလွှမ်းမိုးဖို့၊ ရွေးကောက်ပွဲရဲ့အခြေအနေကို ပြောင်းပြန်လှန်နိုင်မလားလို့ မျှော်လင့်ပြီး အနိုင်ရဖို့ နောက်ဆုံး အားကုန်ကြိုးစားပစ်လိုက်တာပဲ။

သမ္မတထရမ့်ရဲ့ ပထမသက်တမ်းမှာ ကြီးမားတဲ့ ထိခိုက်မှုတွေ ဖြစ်စေခဲ့တဲ့ ရုရှားအရှုပ်တော်ပုံစာရွက်စာတမ်း (Russia dossier) ကို ရေးသားခဲ့တာကလည်း အမေရိကန်ရဲ့ အနီးဆုံးမဟာမိတ်နိုင်ငံက လူဆိုးတစ်ယောက် (thug) ပဲ။

အခုလည်း ဒုတိယသက်တမ်းအောင်ပွဲကို ဖျက်ဆီးဖို့ကြိုးစားခဲ့တာ အမေရိကန်ရဲ့ အရင်းနှီးဆုံးမဟာမိတ်ဆီက ကော်ပိုရေးရှင်းပဲ ဖြစ်ပြန်တယ်။

ဒီတော့ ရုရှားမဟုတ်ခဲ့ဘူးဆိုတာ ပေါ်နေပြီ။ အဲဒါကစကတည်းက သူတို့ရဲ့ လိမ်ဆင်ကြီး (hoax) သက်သက်ပဲ။

တကယ်တော့ ကမ္ဘာကြီးရဲ့ ကောင်းကျိုးချမ်းသာကို မြင့်မြတ်တဲ့တန်ခိုးရှင်တွေက အပေါ်ကနေစောင့်ကြည့်နေတာ ဖြစ်ရမယ်။

အမေရိကန်ရွေးကောက်ပွဲကို ဩဇာလွှမ်းမိုးဖို့ ဒီကော်ပိုရေးရှင်းရဲ့ ကြိုးပမ်းမှုဟာ လုံးဝရှုံးနိမ့်ခဲ့တယ်။ သမ္မတထရမ့်က အပြတ်အသတ် (landslide) အနိုင်ရခဲ့ပြီး အခုတော့ သူတို့ရဲ့ဆိုးရွားလွန်းတဲ့ လုပ်ရပ်တွေက သူတို့ဆီကို ပြန်ခြောက်လှန့်ဖို့ ရောက်လာပြီ။ ဒီနောက်ဆုံး ဖြစ်ပေါ်တိုးတက်မှုတွေက ကမ္ဘာကြီးကို ပိုကောင်းတဲ့နေရာ ဖြစ်လာစေမှာပါ။ ဘာဖြစ်ခဲ့သလဲဆိုတာ စာဖတ်သူတွေ ရှင်းရှင်းလင်းလင်းသိရအောင် ပြောပြရရင်...

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ သမ္မတထရမ့် ပြောခဲ့တဲ့မိန့်ခွန်းဟာ စာမျက်နှာ ၂၄ မျက်နှာရှိတယ်။ ဒီကော်ပိုရေးရှင်းက ဘာလုပ်လဲဆိုတော့ ပထမစာမျက်နှာရဲ့ ပထမဆုံးစာကြောင်းတွေကို ယူတယ်။ ပြီးတော့ နောက်ဆုံးစာမျက်နှာရဲ့ နောက်ဆုံးစာကြောင်းက ပြောခဲ့တာတွေကို ယူလိုက်တယ်။ အဲဒီအပိုင်းနှစ်ခုကို ပေါင်းစပ်လိုက်တာဟာ သမ္မတထရမ့်က အကြမ်းဖက်ဖို့ လှုံ့ဆော်ခဲ့သလိုမျိုး ပုံစံပေါက်သွားတယ်။

ဘယ်လို အနောက်တိုင်း သတင်းကျင့်ဝတ်စံနှုန်းနဲ့ပဲကြည့်ကြည့်၊ ဒါဟာ သတင်းသမားတွေရဲ့ကျင့်ဝတ်ကို အကြီးအကျယ်ချိုးဖောက်ပြီး မလုပ်သင့်တဲ့အပြစ် (cardinal sin of journalism) တစ်ခုပဲ။

သူတို့ဟာ ၂၀၂၁ က မိန့်ခွန်းကို မဟုတ်မမှန်ပြင်ဆင်၊ ဖြတ်ညှပ်ကပ်လုပ်ပြီး ၂၀၂၄ အမေရိကန်ရွေးကောက်ပွဲမတိုင်ခင် တစ်ပတ်အလိုမှာ ထုတ်ပြန်ခဲ့တယ်။

ဒါဟာ သမ္မတထရမ့် မပြောခဲ့တဲ့စကားကို ပြောခဲ့တယ်လို့ထင်အောင် ပရိသတ်ကို ထင်ရှားစွာ လိမ်ညာလှည့်ဖြားလိုက်တာပဲ။

ဒီလူလိမ်လူညာတွေဟာ တတ်နိုင်သမျှ ပုန်းကွယ်ပြီး အချိန်ဆွဲနေခဲ့ကြသေးတယ်။ ဒါပေမယ့် သမ္မတအိမ်ဖြူတော်ရဲ့ ဖိအားတွေအောက်မှာတော့ သူတို့ရဲ့ CEO နဲ့ ညွှန်ကြားရေးမှူးချုပ်တို့ဟာ ရာထူးကနေ နုတ်ထွက်သွားပြီ။ သူတို့ရဲ့ ဥက္ကဋ္ဌကလည်း လူသိရှင်ကြား တောင်းပန်ခဲ့ရပြီ။ အဆုံးမှာတော့ ဒူးထောက်ကြရပြီ။

သမ္မတထရမ့်ရဲ့ သတင်းထုတ်ပြန်ရေး အတွင်းရေးမှူးက BBC ကို "၁၀၀ ရာခိုင်နှုန်း အလိမ်အညာသတင်း" လို့ကို ခေါ်လိုက်တာ။ တော်တယ်။ မှန်တယ်။ ဒီလိုပဲ ဆက်လုပ်ရမယ်။

ခိုးထုပ်ခိုးထည်ကြီးနဲ့မိနေတာတောင် အားမတန်လို့ မာန်လျှော့ပြီး ရာထူးကနေ ဆင်းသွားရတဲ့ ညွှန်ကြားရေးမှူးချုပ်ဟောင်းက ဘာမှမမှားဘူး၊ ဒီကော်ပိုရေးရှင်းရဲ့ သတင်းသမားလုပ်ရပ်တွေကို အလွန်ကိုဂုဏ်ယူတယ်လို့ ပြောသွားသေးတယ်။ ဒီကိစ္စတွေ အားလုံးပေါ်လာတာဟာ "ရန်သူတွေ" ကြောင့်လို့လည်း သူကဆိုတယ်။ "အမှားလေးနည်းနည်းတော့ ဖြစ်ခဲ့တယ်"တဲ့။ အမှားလေးနည်းနည်းဟုတ်သလား ။

ရာထူးကနေ ထွက်ခွာသွားတဲ့ CEO ဟောင်းကလည်း "ခြစားနေတဲ့ သတင်းသမားတွေ" (corrupt journalists) ဆိုတဲ့ သမ္မတထရမ့်ရဲ့ ပြောဆိုမှုကို တုံ့ပြန်တဲ့အနေနဲ့ သူတို့ရဲ့ သတင်းဌာနဟာ "အဖွဲ့အစည်းဆိုင်ရာ ဘက်လိုက်မှုမရှိဘူး"လို့ ပြောခဲ့ပြီး "ကမ္ဘာ့အယုံကြည်ရဆုံး သတင်းဌာန"လို့ ဆက်ပြောသွားသေးတယ်။

ကမ္ဘာပေါ်မှာ ဘာတွေဖြစ်နေတာလဲ။ သူတို့မှာ အရှက်ဆိုတာမရှိတော့ဘူးလား။ မရှိပါဘူးလေ။ သိက္ခာဆိုတာ တစ်စက်ကလေးတောင် မရှိတော့ဘူး!

ဒီလူတွေ ပေါက်ပန်းလေးဆယ်မှ တကယ့်ပေါက်ပန်းလေးဆယ်တွေပါပဲ။

ကဲ... အခု မြန်မာနိုင်ငံအကြောင်းကို တစ်လှည့်ပြောကြည့်ရအောင်။

ဒီ BBC က မြန်မာနိုင်ငံမှာ အလိမ်အညာသတင်းတွေ ဖြန့်၊ ပြည်တွင်းရေးတွေကို ဝင်စွက်ဖက်နေတာ အတော်ကြာနေပြီ။

သူတို့လို လူစားမျိုးက အင်ပါယာကြီး (The Empire) နေဝင် ကွယ်ပျောက်သွားတာ ကြာပြီဆိုတဲ့ အမှန်တရားကို လက်မခံနိုင်ကြဘူး။ သူတို့ရဲ့ စိတ်ကူးထဲမှာ မြန်မာနိုင်ငံဟာ ကိုလိုနီနယ်ဖြစ်နေတုန်းပဲလို့ ထင်နေပုံရတယ်။ ဒါကြောင့် မြန်မာလိုနိုင်ငံမျိုးမှာ ဆက်ပြီးဝင်ရောက်စွက်ဖက်ပြီး မတည်ငြိမ်မှုတွေဖြစ်အောင် လုပ်နေရမယ်လို့ ယူဆကြတာ။

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
ရက်
၄၀
သာ လိုတော့သည်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့ တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူ များအနက် မိမိတို့ မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စိတ်ကြိုက်ရွေးလို့ မဲပေးစို့

❊ သူငယ်ချင်းရေ၊ ကြေညာထားခြင်း
မဲစာရင်းမှာ၊ မင်းရဲ့နာမည်
ပါသည်မပါသည်
မှန်သည်မှားသည်၊ သိပြီးပြီလား။
❊ မဲစာရင်းမှာ၊ အမည်ပါမှ
ပါတီစုံ၌၊ ရွေးကောက်ပွဲတွင်
မဲပေးနိုင်မှာ မဟုတ်လား။
❊ ကိုယ်ကိုယ်တိုင်တွေ၊
ကိုယ်တိုင်ရွေးလို့
မဲပေးဖို့ရာ၊ မနစ်နာအောင်
နာမည်ပါလား၊ မပါလားကို
သွားပြီးကြည့်လိုက် သူငယ်ချင်း။

❊ မဲပေးဖို့ရာ၊ စာရင်းပါဖို့
မပါသေးက၊ ပါဝင်ရဖို့
တင်ပြလာလျှင်၊ ကော်မရှင်က
လျင်လျင်မနေး၊ ဆောင်ရွက်ပေးကာ
နွေးနွေးထွေးထွေး ကူညီတယ်။
❊ ဒီမိုကရေစီ၊ ထုံးစံမီသည့်
ပါတီစုံက၊ ယှဉ်ပြိုင်ကြမည်
ဆန္ဒမဲပေး၊ ကိုယ်တိုင်ရွေးဖို့
အရေးကြီးတယ် သူငယ်ချင်း။
❊ တို့များရွေးချယ်၊ ကိုယ်စားလှယ်က
ကျယ်သည့်အမြင်၊ လျင်သည့်အသိ
ရှိသည့်ဥာဏ်ရည်၊ တည်သည့်သစ္စာ
သာသည့်အတွေး၊ စိတ်ကောင်းမွေးမှ
ရွေးချယ်ရကျိုး နပ်မှာပေါ့။
❊ ဒေသကောင်းကျိုး၊
ဆောင်သယ်ပိုးကာ
အမျိုးသားရေး၊ လက်မနေးဘဲ
အေးချမ်းစေရန်၊ စိတ်ထက်သန်ပြီး
နိုင်ငံလူမျိုး၊ စည်သာဖြိုးဖို့
အားကိုးထိုက်သူ၊ ရိုးသားသူကို
ကြည်ဖြူမနေး၊ စိတ်ကြိုက်ရွေးလို့
မဲပေးရမည့် အခွင့်ထူး။
လက်လွှတ်ခံလို့ မဖြစ်ဘူး။ ။

ရေနံ့သာမောင်ကျော်ညွန့်

❖ *ကျော့ဖုံးမှ*

ယနေ့နံနက်ပိုင်းကစတင်ပြီး ဆောင်ရွက်ပေးပါတယ်။ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်တွေကိုလည်းဖိတ်ပြီး ကြိုတင်မဲပေးတာကို ဆောင်ရွက်တာဖြစ်ပါတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြောသည်။

တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးရာတွင် တက္ကသိုလ်၊ ကောလိပ်ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲ လက်မှတ်များထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြသည်။ ထိုသို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုကို မြိတ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား ကျောင်းသူများအနက် ရွေးကောက်ပွဲ စတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးတွင် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိပေးကြေညာထားသည်။

ခိုင်ထူး(မြန်/ဆက်)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

*စာမျက်နှာ ၆ မှ*

ဘာဖြစ်လို့ BBC မြန်မာပိုင်းအစီအစဉ် (BBC Myanmar Service) ဆိုတာ ရှိနေရတာလဲ။

(၁) သူတို့ လက်မလွှတ်နိုင်သေးလို့။

(၂) ဆက်လက်ပြီး ဝင်စွက်ဖက်ဖို့အတွက် သက်သက်။ ဒါမှ မဟုတ် ....

(၃) သတင်းအချက်အလက် စုဆောင်းဖို့ ဖြစ်နိုင်တယ်။

သူတို့ဟာ မြန်မာနိုင်ငံရဲ့ လာမယ့် ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ကြဦးမှာပဲ။ တရားဝင်ရော၊ တရားမဝင်ရော ဝင်လာကြလိမ့်မယ်။ မြန်မာလိုနိုင်ငံငယ်လေးရဲ့ အချုပ်အခြာအာဏာ (sovereignty) ဆိုတာ သူတို့အတွက် အရေးလုပ်စရာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုလိုနီနယ်ဖြစ်နေတုန်းပဲ မဟုတ်လား။

ကောင်းပြီ။ လွန်ခဲ့တဲ့လအနည်းငယ်က အကြီးအကျယ်ပျက်စီးစေခဲ့တဲ့ ငလျင်ပြီးပြီးချင်းမှာပဲ သူတို့ဟာ တရားမဝင် ဝင်ရောက်ခဲ့ကြတာကိုကြည့်။ ဒီလိုအလိမ်အညာသတင်းသမား လူဆိုးဂိုဏ်း (fake news thugs) တွေကို ဘယ်သူ့ကိုမှ မပေးဝင်သင့်ဘူး။ ဉာဏ်ရည်နိမ့်တဲ့ (low IQ) အလိမ်အညာသတင်း “သတင်းသမား” ဆိုတဲ့သူက သူတို့ တရားမဝင် ဝင်ရောက်ခဲ့တာကိုတောင် သတင်းထဲမှာ ပေါ်တင်ပြောသွားသေးတာ။

နောက်တစ်ခါ သူတို့ဝင်လာပြီး အဖမ်းခံရရင် ဥပဒေရဲ့ အမြင့်ဆုံးပြစ်ဒဏ်နဲ့ တရားစွဲပစ်လိုက်ပါ။ ဒီတရားစီရင်မှု လုပ်ငန်းစဉ်တွေကို လူသိရှင်ကြား ချပြလိုက်၊ တစ်ကမ္ဘာလုံးကိုသိစေပါ။ သူတို့ရဲ့ အမှားတွေကို ကမ္ဘာသိအောင် ဖော်ထုတ်ပြီး သူတို့သိက္ခာကျအောင် အရှက်ရအောင် လုပ်လိုက်ပါ။

ဒီခေတ်ကြီးမှာ သူတို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဥပဒေစနစ်တွေကို “သားပိုက်ကောင် တရားရုံး” (kangaroo court – တရားဝင်ဥပဒေစနစ်နဲ့ မသက်ဆိုင်တဲ့၊ တရားမျှတမှုမရှိဘဲ လျင်မြန်စွာ စီရင်ဆုံးဖြတ်တဲ့အဖွဲ့ ဒါမှမဟုတ် တရားစီရင်ရေးလုပ်ငန်းစဉ်) လို့ ပြောလို့မရတော့ဘူး။

တခြားနိုင်ငံတွေမှာရှိတဲ့ သူ့ရဲ့သတင်းဌာနခွဲတွေဟာ သူတို့ရဲ့ သတင်းကျင့်ဝတ် စံနှုန်းအောက်မှာ ရှိတယ်လို့ ဒီကော်ပိုရေးရှင်းကြီးက ဘယ်လိုလုပ်ပြောရဲသေးလဲ။ လက်တွေ့ကျကျ စဉ်းစားကြည့် အမှန်အတိုင်း ပြောကြည့်ရအောင်။ ။

**{၁၇-၁၁-၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ထွန်းမြင့်ကျော် (အယ်လ်အေ) ၏ The BBC ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။}**

❂ ❂ ❂

# အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပသည်။

အကြိမ်(၆၀)မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အစည်းအဝေးသို့ တက်ရောက်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အရာရှိကြီးများအား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ အရေးပါသည့် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံ ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူပါကြောင်း၊ ယခု အစည်းအဝေးများတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ နှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်မှု ၂၀၃၀ နှင့်အညီ အာဆီယံ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၆-၂၀၃၀) ဖော်ဆောင်နိုင်ရေးကိုလည်း ကြိုဆိုပါကြောင်း၊ အာဆီယံဒေသတွင်း ရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်ရေး၊ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုသည်များစွာ ထိရောက်မှုရှိပါကြောင်း၊ အာဆီယံမိသားစုများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးရုံး၏ စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ခိုင်မာသောကတိကဝတ်များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အစည်းအဝေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၀၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များတွင် နှစ်ကြိမ် ကျင်းပခဲ့ပြီး ယခုတတိယအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

ယခုကျင်းပသည့် အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အီးယူစသော ဆွေးနွေးဖက်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ အစည်းအဝေးများကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံအဆင့်မြင့် ဥပဒေအရာရှိများအစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇** (၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (13th ASEAN Law Ministers Meeting–ALAWMM)ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ပြီး အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိများ အစည်းအဝေး (24th ASEAN Senior Law Officials Meeting–ASLO) ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာ ဝန်ကြီးများအစည်းအဝေး (13th ASEAN Law Ministers Meeting–ALAWMM) ကို နိုဝင်ဘာ ၁၃ ရက် မှ ၁၅ ရက်အထိကျင်းပခဲ့ရာ ဥပဒေရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါ အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E. Mr. Ferdinand Romualdez Marcos Jr. က အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားရေး/ ဥပဒေရေးရာဝန်ကြီးများ၊ ရှေ့နေချုပ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်ဥပဒေအရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရန် အရေးပါသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံများအကြား ဥပဒေရေးရာ သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ခြင်းသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဥပဒေရေးရာ နယ်ပယ်၌ အဓိကပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ယနေ့နည်းပညာခေတ်တွင် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုများနှင့် ပိုင်ဆိုင်မှုများအား ခိုးယူသောအမှုများကို နည်းပညာအသုံးပြု၍ အုပ်စုဖွဲ့ကျူးလွန်လျက်ရှိကြောင်း၊ အဆိုပါပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများ ဖြစ်သဖြင့် နိုင်ငံတကာအဆင့်သာမကဘဲ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာသဖြင့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း၊ ဥပဒေရေးရာကိစ္စရပ်များကို အပြန်အလှန် အကူအညီပေးရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဥပဒေမူဘောင်တစ်ရပ် တည်ထောင်ခြင်းသည် အကြမ်းဖက်မှုများ၊ အဂတိလိုက်စားမှုများ၊ ငွေကြေးခဝါချမှုနှင့် ပိုင်ဆိုင်မှုများ၊ ခိုးယူမှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် အဓိကကျပါကြောင်း။

မြန်မာနိုင်ငံသည် အထူးသဖြင့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်၍ အွန်လိုင်းလိမ်လည်မှုများနှင့် နိုင်ငံဖြတ်ကျော်ကျူးလွန်သော ငွေကြေးလိမ်လည်မှုဆိုင်ရာ ရာဇဝတ်မှုခင်းများကို ကိုင်တွယ်ဖြေရှင်းခဲ့ရာ ကျူးလွန်သောသူများအား ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးစာချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် ချုပ်ဆိုခဲ့သည့်အပြင် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ ဘင်းစတက်ကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ၂၀၂၅ ခုနှစ်တွင် ကျင်းပခဲ့သော အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းဆိုင်ရာ ကြေညာချက်အား မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ရှေ့နေချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အဆိုပါ အာဆီယံရှေ့နေချုပ်များ အစည်းအဝေးတည်ထောင်ခြင်းအားဖြင့် တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ လုပ်ငန်းများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံဖြတ်ကျော်ဥပဒေရေးရာ ဝန်ဆောင်မှုနှင့် ဥပဒေရေးရာကိစ္စရပ်များ၊ အပြန်အလှန်အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို နည်းပညာနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် အာဆီယံ-ဂျပန် တရားရေး/ဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံ-ဂျပန် တရားရေး/ ဥပဒေရေးရာဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံ-ဂျပန် ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဆောင်ရွက်မည့် ဥပဒေရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (12th ASEAN Law Ministers Meeting–ALAWMM)နှင့် (၂၂)ကြိမ်မြောက် အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Law Officials Meeting–ASLOM)၌ အတည်ပြုခဲ့သဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(၁၃)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးမတိုင်မီ ဆက်စပ်အစည်းအဝေးဖြစ်သော (၂၄)ကြိမ်မြောက် အာဆီယံအဆင့်မြင့်ဥပဒေအရာရှိကြီးများ အစည်းအဝေး(24th ASEAN Senior Law Officials Meeting–ASLOM)ကို နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့ရာ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားမနှင့် ကုန်သွယ်ရေးတို့တွင် ဥပဒေဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးကိစ္စ၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန် အကူအညီပေးရေး သဘောတူစာချုပ်နှင့် စပ်လျဉ်းသည့်ကိစ္စ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ဥပဒေနှင့်တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ကုန်သွယ်ရေးဥပဒေ လိုက်လျောညီထွေဖြစ်စေရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကိုလည်း မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုအစီအမံ (GGI) ဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ် တရုတ် - မြန်မာ မီဒီယာဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**




မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကြီးမှူးကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံဆွေးနွေးပွဲနှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ် တရုတ်-မြန်မာ မီဒီယာတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Hotel ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား၊ သံမှူးကြီး၊ သတင်းနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဌာနမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ Dr. Margaret Wong ၊ တရုတ်-မြန်မာမီဒီယာများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမေရိကန်၊ စင်ကာပူနှင့် ဗြိတိသျှပညာရှင်သုံးဦးတို့၏ ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံများ အင်တာဗျူး ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားက တရုတ်နိုင်ငံသည် ကုလသမဂ္ဂဗဟိုပြုသော နိုင်ငံတကာစနစ်နှင့် နိုင်ငံတကာ ဥပဒေအခြေပြုသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်းကို ခိုင်မာစွာကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး တန်းတူညီမျှစနစ်တကျရှိသော ဗဟုဝင်ရိုးကမ္ဘာအတွက် ထောက်ခံအားပေးမည်ဖြစ်ကာ တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ၊ အခွန်မတရားကောက်ခံမှု စသည်တို့ကို ဆန့်ကျင်သွားမည်ဖြစ်၍ ပွင့်လင်းမြင်သာပြီး ပူးပေါင်းဆောင်ရွက်သော၊ အပြန်အလှန်အကျိုးရှိသော ကမ္ဘာ့စီးပွားရေးကို တည်ဆောက်မည်ဖြစ်ရာ အားလုံးပါဝင်သည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို မြှင့်တင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များက ကမ္ဘာ့တောင်ဘက်ခြမ်းတွင် ကျယ်ပြန့်စွာ အကျိုးရှိစေမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ နှစ်နိုင်ငံမှ မီဒီယာများ၊ တတ်သိပညာရှင်အဖွဲ့များနှင့် အနုပညာရှင်များက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံကို တက်ကြွစွာဖြန့်ဝေသူများ၊ ရှေ့လမ်းညွှန်သူများနှင့် တည်ဆောက်သူများအဖြစ် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ အကောင်အထည်ဖော်ရန် ကောင်းမွန်သော လူထုထင်မြင်ချက်နှင့် လူမှုပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ကိုယ်တိုင်ထုဆစ်ပုံဖော်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ပြည်သူတို့၏ ငြိမ်းချမ်းသာယာသော အနာဂတ်ကိုဖန်တီးပေးနိုင်ရန်နှင့် အချုပ်အခြာအာဏာ အပြန်အလှန် လေးစားနိုင်ရန် ယခုလို GGI အဆိုပြုချက်များသည် များစွာ လက်တွေ့ကျသည်ကို တွေ့ရှိရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် ညီညွတ်မျှတမှုကို အခြေခံကာ အနိုင်ကျင့်ဗိုလ်ကျစိုးမိုးမှုများကို ရှောင်ရှားပြီး စစ်ပွဲများ၊ ပဋိပက္ခများလျော့ပါးရပ်စဲရန်၊ အင်အားကြီးနိုင်ငံများအနေဖြင့် အားနည်းသော နိုင်ငံများအပေါ် စာနာနားလည်ထောက်ထားကာ ထောက်ပံ့ကူညီရိုင်းပင်းမှုများဖြင့် အေးချမ်းသာယာ ငြိမ်းချမ်းသော ဒေသများအဖြစ် ကြိုးစားသွားကြရန်နှင့် အတိတ်၏ အဖြစ်အပျက်များအပေါ် သင်ခန်းစာယူခြင်းဖြင့် ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအဖြစ် ဝိုင်းဝန်းကြိုးစား တည်ဆောက်နိုင်ကြပါစေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ဆက်လက်မြှင့်တင်ပြီး အနာဂတ်ကာလ၌ အိမ်နီးချင်း ကောင်းများအဖြစ် ဆက်လက်ရပ်တည် နေထိုင်ဆက်ဆံသွားကြပါစို့ဟု ပြောကြားသည်။

ထို့နောက် တရုတ်-မြန်မာ မီဒီယာ ကိုယ်စားလှယ်များက ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအစီအမံ နှင့် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ်ဆွေးနွေးပွဲကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မှာကြား

**နေပြည်တော် နိုဝင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် ဌာနများနှင့် တောင်သူများ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကဏ္ဍအလိုက် လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန် လိုအပ်ချက်များကို တင်ပြကြသည်။ (ယာပုံ)

**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်နယ်၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးအတွက် မျိုးစေ့ဖူလုံမှုရှိစေရေး အပါအဝင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအားလုံး၌ မျိုး၊ မြေ၊ ရေ၊ နည်း ပြည့်စုံစွာစီမံဆောင်ရွက်ရန်၊ ဒူးရင်းသီးနှင့် မြေနိမ့်ကော်ဖီများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို တောင်သူများနှင့်တွေ့ဆုံ၍ အသိပညာနှင့် နည်းပညာပေးဆွေးနွေးမှုများ ပြုလုပ်သွားရန်၊ စိုက်ပျိုးသည်မှ ရိတ်သိမ်းသိုလှောင်သည်အထိ သီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် နည်းပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ မြေယာအသုံးပြုမှုအတွက် တည်ဆဲဥပဒေ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရန်၊ ဒေသဝမ်းစာဖူလုံရေးနှင့်အတူ လယ်ယာသားငါးထုတ်ကုန်များအတွက် ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်းကို တစ်ပြိုင်တည်းဆောင်ရွက်ပေးရန်၊ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်ပြီး လုပ်ငန်းများ ကျေပွန်အောင်မြင်အောင် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေး အသိပညာပေး နှိုးဆော်မှုများရိုက်ကူးရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ သဘင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်ကြသည်။ (အောက်ပုံ)



ထိုသို့ ဆောင်ရွက်မှုတွင် သဘင် အနုပညာရှင်များဖြစ်ကြသည့် ဦးနန်းဝင်း၊ အောင်သွေးသစ်၊ ထက်မြက်၊ ဇော်ကြီး(မအူပင်)၊ ရန်ရှင်း၊ ပန်းအိစံ၊ ပန်းကဗျာ၊ ရွှန်းလဲ့အိမ်၊ ငွေနန်းစံ၊ ပိုးပိုးအိမ်၊ သင်းသံသာတို့က ရွေးကောက်ပွဲဆိုင်ရာ ပြည်သူအသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော သဘင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်လည်း နာရသလို ပြည်သူလည်းနာရတဲ့ အကြမ်းဖက်သမားတွေရဲ့ ဖောက်ခွဲဖျက်ဆီးသတ်ဖြတ်မှုများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည် ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေ မျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ဝါသနာနှင့် စိတ်ဝင်စားမှုကို အခြေခံကာ သင်ယူမှုကို မြှင့်တင်ပါ

ခင်ရတနာ

**ယနေ့အချိန်က ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေတဲ့ မိမိတို့နိုင်ငံအတွက် တိုင်းရင်းသားပြည်သူအားလုံး အရာရာကို စဉ်းစားတွေးခေါ် ဉာဏ်နှင့်ယှဉ်ကာ အမှားအမှန်ကို ခွဲခြားသိပြီး နိုင်ငံနဲ့လူမျိုးအကျိုးကို စနစ်တကျသယ်ပိုးဆောင်ရွက်ကြဖို့ အလိုအပ်ဆုံးအချိန် ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူတစ်ဦးချင်းရဲ့ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်နဲ့ ဗဟုသုတပြည့်ဝဖို့ လိုအပ်နေချိန်ဖြစ်ပြီး အဲဒီလိုအပ်ချက်အတွက် နိုင်ငံတော်က အမျိုးသားပညာရေးကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းပေးနေပါတယ်။**

ပညာရေးကို စနစ်တကျသင်ယူလေ့လာခြင်းကနေ စဉ်းစား၊ ဆင်ခြင်၊ သုံးသပ်နိုင်စွမ်းနဲ့ ပြဿနာတစ်ရပ်ကို ရှုထောင့်ပေါင်းစုံကနေ ကြည့်ရှုဖြေရှင်းနိုင်စွမ်းတိုးတက်လာဖို့ လိုအပ်သလို ထိုမှတစ်ဆင့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့နယ်ပယ်အားလုံးမှာ အထောက်အကူပြုစေမယ့် ပင်ကိုအရည်အချင်းပြည့် လူသားရင်းမြစ်တွေ ပေါ်ထွက်လာစေမှာဖြစ်ပါတယ်။

> ❝ **ပညာရပ်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်တဲ့ လူသားရင်းမြစ်တွေ ဖြစ်ပေါ်လာဖို့အတွက် အဆင့်ဆင့်သော လေ့လာသင်ယူမှုတွေကို မလွဲမသွေဖြတ်သန်းကြရပါတယ်။ ဘယ်ပညာရပ်မဆို စတင်လေ့လာမယ်လို့ စိတ်ပိုင်းဖြတ်ပြီးတာနဲ့ သင်ကြားမှုအဆင့်တွေကို မဖြစ်မနေဖြတ်သန်းကျော်လွှားကြရပါတယ်။ သင်ယူမှုအဆင့်တွေကို ပိုင်းခြားကြည့်တဲ့အခါ** Unconscious Incompetence **လို့ခေါ်တဲ့ မသိသေး၊ မတတ်သေးတဲ့အဆင့်၊** Conscious Incompetence **လို့ခေါ်တဲ့ သိလာပြီ၊ မတတ်သေးတဲ့အဆင့်၊** Conscious Competence **လို့ခေါ်တဲ့ သိလာ၊ တတ်လာပေမယ့် မကျွမ်းကျင်သေးတဲ့အဆင့်နဲ့** Unconscious Competence **လို့ခေါ်တဲ့ ကျွမ်းကျင်မှုအပြည့်နဲ့ အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်တဲ့ ပရော်ဖက်ရှင်နယ်အဆင့်ဆိုပြီး အဆင့်လေးဆင့်ကို ဖြတ်ကျော်ကြရပါတယ်** ❞

ပညာရပ်တစ်ခုကို ကျွမ်းကျင်ပိုင်နိုင်တဲ့ လူသားရင်းမြစ်တွေ ဖြစ်ပေါ်လာဖို့အတွက် အဆင့်ဆင့်သော လေ့လာသင်ယူမှုတွေကို မလွဲမသွေဖြတ်သန်းကြရပါတယ်။ ဘယ်ပညာရပ်မဆို စတင်လေ့လာမယ်လို့ စိတ်ပိုင်းဖြတ်ပြီးတာနဲ့ သင်ကြားမှုအဆင့်တွေကို မဖြစ်မနေ ဖြတ်သန်းကျော်လွှားကြရပါတယ်။ သင်ယူမှုအဆင့်တွေကို ပိုင်းခြားကြည့်တဲ့အခါ Unconscious Incompetence လို့ခေါ်တဲ့ မသိသေး၊ မတတ်သေးတဲ့အဆင့်၊ Conscious Incompetence လို့ခေါ်တဲ့ သိလာပြီ၊ မတတ်သေးတဲ့အဆင့်၊ Conscious Competence လို့ခေါ်တဲ့ သိလာ၊ တတ်လာပေမယ့် မကျွမ်းကျင်သေးတဲ့အဆင့်နဲ့ Unconscious Competence လို့ခေါ်တဲ့ ကျွမ်းကျင်မှုအပြည့်နဲ့ အကောင်းဆုံးဖြေရှင်း ဆောင်ရွက်နိုင်တဲ့ ပရော်ဖက်ရှင်နယ်အဆင့်ဆိုပြီး အဆင့်လေးဆင့်ကို ဖြတ်ကျော်ကြရပါတယ်။

### မသိသေး၊ မတတ်သေးတဲ့အဆင့်

ဘယ်ကစလို့စရမှန်းမသိ၊ မိမိဝါသနာ၊ အားနည်းချက်နဲ့ အားသာချက်၊ လုပ်ငန်းအတွေ့အကြုံ ဘာဆိုဘာမှ မရှိသေးတဲ့အဆင့်ဖြစ်ပါတယ်။ အနည်းဆုံးတော့ အခြေခံပညာအလယ်တန်းအဆင့်ပြီးသူနဲ့ အထက် မည်သူမဆို ဒီအချက်ကို ထည့်သွင်းစဉ်းစားသင့်နေပြီလို့ ပညာရေးသုတေသီတွေက ဆိုပါတယ်။ ဒါမှသာ ရှေ့ဆက်ရမယ့် ဘဝခရီးမှာ ဘယ်အသက်မွေးဝမ်းကျောင်းကို စိတ်ဝင်စားသလဲ၊ ဘယ်အကြောင်းအရာကို ထပ်ပြီး နက်နက်နဲနဲ သိချင်လာသလဲဆိုတာတွေနဲ့ ပိုင်းဖြတ်ပြီး မိမိဝါသနာ၊ မိမိအသက်မွေးဝမ်းကျောင်းအတွက် ရွေးချယ်သင့်တဲ့ ဘဝခရီးကို မှန်မှန်ကန်ကန် ဆက်လက်လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

### သိလာပြီ မတတ်သေးတဲ့အဆင့်

မိမိရဲ့ဝါသနာ၊ မိမိစိတ်ဝင်စားမှုကို သိရှိလာတဲ့အခါ ဒီအကြောင်းအရာတွေကို ဘယ်လိုလေ့လာကြမလဲ၊ ဘယ်လိုသင်ယူမှုလမ်းကြောင်းကို လိုက်ပါကြမလဲ၊ ဒီအတွက် အခွင့်အလမ်းတွေက ဘာတွေလဲဆိုတာကို ချမှတ်တဲ့အဆင့်ကို သိလာပြီ၊ မတတ်သေးတဲ့အဆင့်လို့ သတ်မှတ်ကြပါတယ်။ ဒီအဆင့်ဟာ သိပ်ကိုအရေးကြီးပြီး လူသားတိုင်းဟာ မိမိဝါသနာ၊ မိမိဖြစ်တည်မှုကို ပိုင်နိုင်စွာဆုံးဖြတ်နိုင်မှသာ ဘဝအတွက် မှန်ကန်တဲ့လမ်းကြောင်းမှန်ကို ရွေးချယ်ကြရတာမို့ မိဘရဲ့အကူအညီ၊ ဆရာသမားတွေနဲ့ တတ်သိ နားလည်သူတွေရဲ့ အကူအညီကို များစွာလိုအပ်ပါတယ်။ ဒ့ီအပြင် မိမိလျှောက်လှမ်းမယ့် အတတ်ပညာလမ်းကြောင်းရဲ့ စိန်ခေါ်မှုတွေ၊ ဖြတ်သန်းရမယ့် အချိန်ကာလ၊ သင်ယူမှု အခက်အခဲတွေနဲ့ ရရှိလာမယ့်အနာဂတ်တွေကိုလည်း ဒီအဆင့်မှာတစ်ခါတည်း မြင်တွေ့နိုင်အောင် ကြိုးစားပြီး မိမိလမ်းကြောင်းအပေါ် စတင်လေ့လာဖို့ ခရီးစတင်ကြမယ့်အချိန် ဖြစ်ပါတယ်။

### သိလာတတ်လာပေမယ့် မကျွမ်းကျင်သေးတဲ့အဆင့်

ဒီအဆင့်ဟာ အရေးအကြီးဆုံးဖြစ်သလို လူတစ်ဦးချင်းစီရဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ ပေါင်းစပ်ပြီး စနစ်တကျအကောင်းဆုံး လေ့လာသင်ယူကြရမယ့် အချိန်ပါ။ မိမိရွေးချယ်တဲ့ ပညာရပ်ကို အခြေခံကနေ အဆင့်မြင့်အထိ အဆင့်ဆင့်ကြိုးစားအားထုတ်ခြင်း၊ အကဲဖြတ်ခြင်းနဲ့ မှတ်ကျောက်တင်ခြင်းတွေကို ဒီအဆင့်မှာ ပြုလုပ်ကြရပါတယ်။ ပန်းတိုင်အထိ မရောက်နိုင်သေးဘူးဆိုရင်တောင် မိမိသိလိုတဲ့ ပညာရပ်တွေကို အတော်လေးကျွမ်းကျင် ပိုင်နိုင်စွာ သိရှိလာသလို မိမိကိုယ်မိမိ ယုံကြည်မှုရှိရှိနဲ့ တိုးတက်အောင် ဆက်လက်ဆောင်ရွက်ဖို့ကိုပါ အသင့်ဖြစ်နေတဲ့အခြေအနေကို ရောက်ရှိလာတဲ့အထိ ကြိုးစားသင်ယူကြရပါတယ်။

သင်ယူမှုအပြင် အထပ်ထပ်သော လေ့ကျင့်မှုတွေ၊ ဖြည့်ဆည်းမှုတွေနဲ့ Skills တွေ မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အများစုသော လူတွေက ဒီအဆင့်မှာတင် ရပ်တန့်သွားကြပြီး နောက်တစ်ဆင့်ကို တက်လှမ်းဖို့အတွက် မကြိုးစားကြတော့တာကို မြင်တွေ့ရတယ်လို့လည်း ပညာရေးသုတေသီတွေက ဆိုပါတယ်။

### ပရော်ဖက်ရှင်နယ်အဆင့်

မိမိသင်ယူတတ်မြောက်ထားတဲ့ ပညာရပ်မှာ စနစ်တကျနဲ့ နည်းမှန်လမ်းမှန် အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ကြတဲ့ လူသားတွေအဖြစ် ရောက်ရှိသွားကြတဲ့ အဆင့်ဖြစ်ပါတယ်။ ကျွမ်းကျင်မှုကြောင့် လုပ်ငန်းလုပ်ကိုင်ရာမှာ လွယ်ကူမြန်ဆန်တိကျမှုရှိလာသလို Professional ကျွမ်းကျင်သူတွေမို့ နယ်ပယ်အသီးသီးမှာ အောင်မြင်မှုတွေကို ရရှိခံစားလာကြရမယ့်အဆင့်ဖြစ်ပါတယ်။

အခုလို အဆင့်ဆင့်ဖြတ်ကျော်ပြီးတဲ့ လူသားတစ်ယောက်ဟာ ကျွမ်းကျင်မှုအမြင့်မားဆုံး အဆင့်ဖြစ်တဲ့ ပရော်ဖက်ရှင်နယ်အဆင့်ကို ရောက်ရှိခဲ့ပြီးသည့်တိုင် ဆက်လက်လုပ်ဆောင်နေရမယ့်အရာကတော့ Lifelong Learning ဆိုတဲ့ တစ်သက်တာသင်ယူမှုတွေကိုတော့ ရပ်တန့်လို့ မရပါဘူး။ ဆက်လက်ဖြည့်ဆည်းသင်ယူနေကြရပြီး သို့မှသာ ခေတ်နဲ့မျက်ခြည်မပြတ်ဘဲ ကိုယ့်ရဲ့ ကျွမ်းကျင်မှုမြင့်သထက် မြင့်တက်လာမှာပါ။

ဒီအဆင့်တိုင်းကို ဖြတ်သန်းဖို့အတွက် မိမိဝါသနာနဲ့ကိုက်ညီမယ့် လမ်းကြောင်းကို မှန်ကန်စွာ ရွေးချယ်သတ်မှတ်ကြဖို့ လိုအပ်သလို ဝါသနာမပါ၊ စိတ်ဝင်စားမှုမရှိတဲ့ လမ်းကြောင်းကို ရွေးချယ်မိတဲ့အခါ သင်ယူသင်ကြားမှုအဆင့်တိုင်းဟာ ခက်ခဲကြမ်းတမ်းပြီး နောက်ဆုံးမှာ သင်ယူမှုလမ်းခုလတ်မှာတင် ရပ်တန့်သွားကြပြီး ပညာတစ်ပိုင်းတစ်စနဲ့ ပန်းတိုင်ရည်မှန်းချက်လွဲချော်မှုတွေကို ကြုံတွေ့ရတတ်တာကိုလည်း တွေ့ရှိရပါတယ်။

### စက်မှု၊ စိုက်၊ မွေး စိတ်ဝင်စားသူများအတွက် နိုင်ငံတော်ရဲ့ပံ့ပိုးမှု

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အဓိကနဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ပြီး စိုက်ပျိုးရေးကို အခြေခံတဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်သူရဲ့ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်မြှင့်တင်ပေးသွားနိုင်ဖို့ နိုင်ငံတော်က အစဉ်ကြိုးပမ်းလျက်ရှိပါတယ်။ အဲဒီထဲမှာ ဒီကဏ္ဍတွေအတွက် လိုအပ်တဲ့ လူသားရင်းမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့ ကျောင်းသားလူငယ်တွေကို အသက်မွေးဝမ်းကျောင်းတွေ သင်ကြားလေ့ကျင့်ပေးဖို့ဦးစားပေးဆောင်ရွက်နေပါတယ်။

အလယ်တန်းပညာ ပြီးမြောက်သူတွေဟာ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေ သင်ယူတတ်မြောက်နိုင်မယ့် အခွင့်အလမ်းတွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်ဖို့ အခြေခံပညာနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို ခရိုင်နဲ့မြို့နယ်အသီးသီးမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားပေးနေတာပါ။ ဒီကျောင်းတွေကနေ အသိပညာ၊ အတတ်ပညာနဲ့ စွမ်းဆောင်ရည်မြင့်မားတဲ့ နိုင်ငံ့သားကောင်းထူးချွန် ပညာရှင်တွေ ပေါ်ထွက်လာဖို့ သင်ယူမှုအဆင့်ဆင့်ကို ဖြတ်ကျော်ပြီး ပရော်ဖက်ရှင်နယ်အဆင့် တက်လှမ်းကြမှာဖြစ်တာကြောင့် အကယ်၍များ မိမိရဲ့ ဝါသနာ၊ သိရှိလိုမှုဟာ စက်မှုနဲ့စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍမှာ ရှိခဲ့မယ်ဆိုရင် ရွေးချယ်စဉ်းစားသင့်တဲ့ အခမဲ့ပညာရေးလမ်းကြောင်း တစ်ရပ်ပဲ ဖြစ်ပါတယ်။

### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်

အခြေခံပညာ အလယ်တန်းကျောင်းသားတစ်ဦးဟာ Grade–9 အောင်မြင်ပြီး ပညာသင်ယူမှုတစ်မျိုးတည်းကို ဆက်လက်မသင်ယူလိုဘူး၊ ဒီပညာရပ်တွေကိုလည်း စိတ်ပါဝင်စားမှုရှိတယ်ဆိုရင် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေကို ရွေးချယ်တက်ရောက်နိုင်ပါတယ်။ လက်ရှိမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်းကို ဖွင့်လှစ်ပေးထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုအင်ဂျင်နီယာပညာရပ်တွေကို သင်ကြားပေးနေပါတယ်။

ဒီကျောင်းတွေကိုတော့ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ်ကနေ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ Grade–10 မှာ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်၊ Grade –11 မှာ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူ ငါးထောင်ကျော်နဲ့ Grade–12 မှာ ပညာသင်ယူသူ သုံးထောင်ကျော် ရှိလာခဲ့ပြီဖြစ်ပါတယ်။ အခြေခံဘာသာရပ်တွေကို အခြေခံပညာဦးစီးဌာနက ဆရာ ဆရာမတွေက သင်ကြားပေးကြသလို၊ နည်းပညာဘာသာရပ်တွေကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဆရာ ဆရာမတွေက သင်ကြားပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဘာသာရပ်တွေကိုတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနရှိ ဆရာ ဆရာမများက အားဖြည့်သင်ကြားပေးကြတာပါ။

Grade–12 ရောက်တဲ့အခါ မြန်မာစာ ၃၀ ရာခိုင်နှုန်း၊ အင်္ဂလိပ်စာ ၁၀၀ ရာခိုင်နှုန်းနဲ့ သင်္ချာ ၁၀၀ ရာခိုင်နှုန်း၊ ရူပဗေဒ ၆၀ ရာခိုင်နှုန်း၊ ဓာတုဗေဒ ၄၀ ရာခိုင်နှုန်းကို မိမိရွေးချယ်ထားတဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်တွေနဲ့အတူ ပူးတွဲသင်ကြားကြရပြီး အခြေခံကျောင်းတွေအတိုင်း အခန်းဆုံးတတ်မြောက်မှုစစ်ဆေးခြင်း နှစ်ကြိမ်နဲ့ ပထမနှစ်ဝက်၊ နောက်ဆုံးနှစ်ဝက် စာမေးပွဲများ ဖြေဆိုကြရမှာဖြစ်ပါတယ်။

> ❖ **အခွင့်အလမ်းတွေအနေနဲ့ စက်မှုနည်းပညာ သုံးနှစ်သင်တန်းမှာ အဆင့်မီ အောင်မြင်မယ်ဆိုရင် အစိုးရစက်မှုလက်မှုသိပ္ပံ** (AGTI) **ပထမနှစ်သင်တန်း၊ အထူးအောင်မယ်ဆိုရင် နည်းပညာတက္ကသိုလ်တွေနဲ့ နည်းပညာကောလိပ်တွေမှာ တက်ရောက်ခွင့်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးအတတ်ပညာ သုံးနှစ်သင်တန်းမှာတော့ အဆင့်မီနဲ့ အောင်မြင်ခဲ့ရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ သို့မဟုတ် အစိုးရစက်မှုလက်မှုသိပ္ပံ** (Farm Machinery) **ပထမနှစ်သင်တန်း၊ အထူးအောင်အဆင့်နဲ့ အောင်မြင်ရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း တက်ရောက်နိုင်မှာဖြစ်ပါတယ်**

*စာမျက်နှာ ၁၁ သို့*

# (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များ ဆွတ်ခူးရရှိသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို



**ရန်ကုန် နိုဝင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ကျွန်း၌ နိုဝင်ဘာ ၁၁ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ ကျင်းပသည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲသို့ မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့မှ အုပ်ချုပ်သူနည်းပြသုံးဦးနှင့် အားကစားသမားလေးဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ကာ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း(ယာဝုံ)၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသားသင်တန်းသူများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

(၁၆)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် Men’s Bodybuilding 75kg တွင် ရဲထွန်းနောင်က ပထမရွှေတံဆိပ်ဆု၊ Men’s Bodybuilding 80kg တွင် ချမ်းမြေ့ထွန်းက ဒုတိယငွေတံဆိပ်ဆု၊ Women’s Swimsuit Model Physique over 165 cm တွင် ဖူးဖူးသန့်က ဒုတိယငွေတံဆိပ်ဆု၊ Women’s Model Physique up to 160 cm တွင် နီနီအောင်က တတိယကြေးတံဆိပ်ဆုနှင့် Women’s Model Physique up to 170 cm တွင် ဖူးဖူးသန့်က တတိယကြေးတံဆိပ်ဆု စုစုပေါင်း ဆုတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့ကြခြင်းဖြစ်သည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၅ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

ထို့နောက် လူငယ်စစ်တုရင်ပြိုင်ပွဲ၊ အသက်(၅၅)နှစ်အထက် စစ်တုရင်ပြိုင်ပွဲနှင့် မျက်မမြင်စစ်တုရင်ပြိုင်ပွဲနှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသူများကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သန်လျင်မြို့နယ် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်ရှေ့၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး လူသွားစကြံ(ပလက်ဖောင်း) ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သစ်ပင်များထိခိုက်မှုမရှိစေရေး၊ ကျောင်းရှေ့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

## မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်




**နေပြည်တော် နိုဝင်ဘာ ၁၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာ့တူရိယာတစ်မျိုးချင်းအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစ်စုတစ်စည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ မြန်မာ့တူရိယာများ ၂၀၀ ကျပ်တန် (၆)လုံးပါ Block of Stamp အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် (ကြာသပတေးနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အခြေခံပညာ အထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဆင်း

**တံတားဦး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာအထက်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းဆင်းပွဲကို ယမန်နေ့က တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပြုံးကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက သင်တန်းမှပို့ချဆွေးနွေးခဲ့ကြသည့် ဘာသာရပ်အလိုက် မိမိတို့အကြံပြုဆွေးနွေးခဲ့ကြသော အဆိုပြုတင်ပြထားမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှစတင်ပြီး နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် တံတားဦးခရိုင်အနေဖြင့် သင်တန်းသား သင်တန်းသူ ၂၇၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

မကြာသေးခင်ကပဲ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းက Grade-12 ကျောင်းသားကျောင်းသူတွေအတွက် စာမေးပွဲဆိုင်ရာ မေးခွန်းပြုစုခြင်း၊ Board of Examination ဖွဲ့စည်းခြင်းနဲ့ စာမေးပွဲလုပ်ငန်းစဉ်တွေကို ဆွေးနွေးညှိနှိုင်းပြီး ဖြစ်တာမို့ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းကို ဆောလျင်စွာရွေးချယ်ရင်း အဆင့်မြင့်ပညာတွေကိုပါ ဆက်လက်လို့ လွယ်လင့်တကူ ဆည်းပူးနိုင်တော့မှာ ဖြစ်ပါတယ်။

**အခွင့်အလမ်းများစွာစောင့်ကြိုလျက်ရှိ**

ဒီသင်တန်းကို တက်ရောက်ဖို့အတွက် သတ်မှတ်ဦးရေကိုမူတည်ပြီး စုစုပေါင်းရမှတ် အနည်းအများအလိုက် ဦးစားပေးရွေးချယ်တာဖြစ်ပြီး သင်တန်းတက်ရောက်ခွင့်ရတဲ့ ကျောင်းသား ကျောင်းသူတွေဟာ ပညာသင်ထောက်ပံ့ကြေးနဲ့ သင်ကြားသင်ယူမှုအတွက် လိုအပ်တဲ့ ပုံနှိပ်စာအုပ်တွေနဲ့ စာရေးကိရိယာတွေကိုလည်း ရရှိမှာဖြစ်တာကြောင့် လာမယ့် ပညာသင်နှစ်မှာ ရွေးချယ်ရမယ့် ပညာရေးလမ်းကြောင်းသစ်အဖြစ် လူငယ်တွေ အသင့်ပြင်ထားစေလိုပါတယ်။

**အခွင့်အလမ်းတွေအနေနဲ့ စက်မှုနည်းပညာသုံးနှစ်သင်တန်းမှာ အဆင့်မီအောင်မြင်မယ်ဆိုရင် အစိုးရစက်မှုလက်မှုသိပ္ပံ (AGTI) ပထမနှစ်သင်တန်း၊ အထူးအောင်မယ်ဆိုရင် နည်းပညာတက္ကသိုလ်တွေနဲ့ နည်းပညာကောလိပ်တွေမှာ တက်ရောက်ခွင့်ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးအတတ်ပညာ သုံးနှစ်သင်တန်းမှာတော့ အဆင့်မီနဲ့ အောင်မြင်ခဲ့ရင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ သို့မဟုတ် အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery) ပထမနှစ်သင်တန်း၊ အထူးအောင်အဆင့်နဲ့ အောင်မြင်ရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့လည်းကောင်း တက်ရောက်နိုင်မှာဖြစ်ပါတယ်။**

မွေးမြူရေးအတတ်ပညာ သုံးနှစ်သင်တန်းမှာတော့ အဆင့်မီနဲ့ အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (သို့) ငါးလုပ်ငန်းသိပ္ပံကျောင်းတွေရဲ့ ပထမနှစ်သင်တန်းနဲ့ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပထမနှစ်သင်တန်းတွေကို လျှောက်ထားခွင့်ရမယ့် အခွင့်အလမ်း ပေါင်းများစွာရှိပါတယ်။

**“အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရပါမည်။ နိုင်ငံသားတိုင်းအခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းပညာသင်ယူခွင့် ရရှိရေးနှင့် လူတိုင်းအကျိုးဝင်ပညာရေးကို အားပေးလျက်ရှိပါသည်။ အမျိုးသားပညာရေး မြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေး မြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ပညာရေး အသုံးစရိတ်များကို နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်”**လို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာတွင် ထည့်သွင်းဖော်ပြထားပါတယ်။

ကျောင်းသားလူငယ်တွေအနေနဲ့လည်း မိမိတို့ဝါသနာ၊ စိတ်ဝင်စားမှုတွေကို အလေးထားပြီး ကျွမ်းကျင်တတ်မြောက်လိုတဲ့ လမ်းကြောင်းတွေကို မှန်ကန်စွာဖော်ဆောင်ရင်းနိုင်ငံအတွက် အသိပညာ၊ အတတ်ပညာနဲ့ပြည့်စုံတဲ့ လူတော်လူကောင်းများအဖြစ် ဖန်တီးတည်ဆောက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

မြန်မာ့အလင်း



## တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်ရှိ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**တောင်ကြီး နိုဝင်ဘာ ၁၇**

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပတော့မည်ဖြစ်ရာ ပြည်သူများ မဲပေးပိုင်ခွင့်ရရှိရေး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် တောင်ကြီးမြို့ပေါ် ၂၂ ရပ်ကွက်ရှိ ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာတွင် မြို့ပေါ် ၂၂ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများက ရပ်ကွက်ထောက်ခံစာများ ထုတ်ပေးခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရဲစခန်းထောက်ခံစာများ ထုတ်ပေးခြင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက စာရွက်စာတမ်းများ မိတ္တူကူးပေးခြင်း၊ e-id စစ်ဆေးပေးခြင်း၊ နိုင်(၂) နိုင်(၄) ကောက်ယူဆောင်ရွက်ပေးခြင်း၊ ဓာတ်ပုံရိုက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်း၊ Biometric ကောက်ယူဆောင်ရွက်ပေးကြပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ၂၀၂၅ခုနှစ်၊ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၂၅ ခုနှစ်၊ အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း အချောထည်အတွဲများ၊ ကျောက်မျက်လက်ဝတ်ရတနာအတွဲများ၊ ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများနှင့် ကျောက်မျက်ရိုင်း အတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယခု ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲစုစုပေါင်း ၅၀၈၅ တွဲ၊ ကျောက်မျက်ရိုင်းအတွဲ ၁၃ တွဲနှင့် ကျောက်မျက်လက်ဝတ်ရတနာအတွဲ ၁၄၇ တွဲ စုစုပေါင်းအတွဲ ၁၆၀ နှင့် ပုလဲအတွဲ ၄၈၉ တွဲကို ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ပြပွဲတွင် အသုံးပြုမည့် နိုင်ငံခြားငွေအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေ အမျိုးအစားတို့ဖြစ်သည်။

ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ လည်းကောင်း၊ ကျောက်မျက်အတွဲများ အားလုံးကို နိုဝင်ဘာ ၂၀ ရက်တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ငွေအမျိုးအစားသတ်မှတ်မှုအနေဖြင့် ကြမ်းခင်းဈေးအား အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားပြီး ငွေပေးချေမှုအတွက် ပြည်ပရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ (သို့မဟုတ်) မြန်မာကျပ်ငွေကို အသုံးပြုနိုင်မည်ဖြစ်သည်။

ကျောက်ရည်၊ ကျောက်သွေးကောင်းမွန်မှု၊ လက်ဝတ်အချောထည်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်မှုနှင့် တန်ဖိုးဈေးနှုန်းရရှိနိုင်မှု စသည့်အခြေအနေများအပေါ် အခြေခံပြီး အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ရတနာကုန်သည်အားလုံးအနေဖြင့် အုပ်စုသုံးခုစလုံးကို ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ အတွဲများအတွက် ငွေအမျိုးအစား သတ်မှတ်မှုအနေဖြင့် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တို့အတွက် အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ အုပ်စု(စီ)အတွက် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်း ဖြစ်ခြင်းကြောင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ငွေပေးချေမှုပြုလုပ်ရာတွင် ပြည်ပ ရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေကိုသာ သုံးစွဲရမည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေဖြင့် ပေးချေရမည်ဖြစ်ကာ အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ သို့မဟုတ် မြန်မာကျပ်ငွေ၊ အုပ်စု(စီ)အတွက် မြန်မာကျပ်ငွေကို သုံးစွဲနိုင်မည်ဖြစ်သည်။

ထို့ပြင် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာများရောင်းချနိုင်ခြင်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အမြောက်အမြား ရှာဖွေပေးနိုင်သကဲ့သို့ နိုင်ငံသားများအတွက်လည်း စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရနိုင်စေခဲ့ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စီးပွားအကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာပြပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြန်လည်အစားထိုး မရနိုင်သည့် သယံဇာတများဖြစ်သည့် ကျောက်မျက်ရတနာများနှင့် မြန်မာ့မြေအလှတရားကို ရှင်သန်တည်တံ့စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှု လုပ်ငန်းများကိုလည်း စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုအေးသန်း**



## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**(၁၇-၁၁-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၉-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၁၁-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ် ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာ မရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ပုသိမ်မြို့ဝင် ကိုးသိန်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ပုသိမ် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ မြို့ဝင်စိမ်းလန်းစိုပြည်ရေးနှင့် လမ်းများကောင်းမွန်စေရေးတို့အတွက် အမှတ်(၃)ရပ်ကွက် ကိုးသိန်း(၂)လမ်း၊ (၃)လမ်းတို့တွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာသို့ နိုဝင်ဘာ ၁၆ ရက်က ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉)သို့ တက်ရောက်ကြသည့် သင်တန်းသားများအား နှုတ်ဆက်အားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉)မှ သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး ၃ ပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီ ဖြစ်သည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် နယ်မြေခံလေ့ကျင့်ရေးကျောင်း၌ ပြုလုပ်သော ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲ၌ တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၃) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွန်း သင်တန်းသားများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ ကျွန်တော့်ကို နိုင်ငံတော်ကနေပြီးတော့ ဆင့်ခေါ်စာကျတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ချင်လို့ လာရောက်စစ်မှုထမ်းခြင်း ဖြစ်ပါတယ်။ လက်ရှိ အခြေအနေမှာ ဒီသင်တန်းမှာတော့





အချိန်မှန်တယ်။ စည်းကမ်းစနစ်တကျနဲ့ ကိုယ်ခန္ဓာကြံ့ခိုင်အောင်သင်ပေးတဲ့အတွက်ကြောင့် အပြင်ကနဲ့တော့ တော်တော်ကွာပါတယ်။ အပြင်မှာတော့ သိပ်ပြီး စည်းကမ်းစနစ် မကျဘူးပေါ့။ ဒီမှာတော့ အဖွဲ့အစည်းစိတ်ဓာတ်ရှိအောင် သင်ပေးတယ်။ စည်းကမ်းစနစ်တကျနဲ့ သေချာလေး သင်ကြားပေးပါတယ်။ ဒီသင်တန်း ပြီးသွားရင်တော့ ကျွန်တော် တာဝန်ကျတဲ့နေရာမှာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ကာကွယ်ဖို့အတွက်ကို အစွမ်းကုန်ကြိုးစားသွားပါမယ်။ နှစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီး သွားရင်တော့ နိုင်ငံတော်က စစ်မှုထမ်းဖို့ ပြန်လည်ပြီး လိုအပ်တယ်ဆိုရင်တော့ ပြန်လည်ပြီး စစ်မှုထမ်းဆောင်ဖို့အတွက် ဆုံးဖြတ်ထားပါတယ်။

၂။ ပြည်သူ့ စစ်မှုထမ်း သင်တန်းကို တက်ရောက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ လူတိုင်းတက်ရမှာပဲလေ။ ဒီလိုမျိုး တက်ထားခြင်းအားဖြင့် တစ်ပါးနိုင်ငံကနေပြီးတော့ ကိုယ့်ကိုလာပြီး မကျူးကျော်ရဲပါဘူး။ ပညာသင်ကြားပေးမယ့် ဘာသာရပ်တွေကိုတော့ အကောင်းမွန်ဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်သွားမှာပါ။ လူတိုင်း လူတိုင်း စစ်ပညာတတ်ကျွမ်းဖို့ဆိုတာ မလွယ်ဘူးလေ။ အခြားနိုင်ငံတွေကလည်း ဒီလိုပဲ သင်နေကြတာ၊ ကိုယ့်နိုင်ငံမှာလည်း ဒါမျိုးဖြစ်လာတဲ့အတွက် အလွန်ဝမ်းသာပါတယ်။

**သတင်းစဉ်**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၆) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၉) ဖွင့်ပွဲအခမ်းအနားတွင် နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး အမှာစကားပြောကြားစဉ်။

# နယူးဒေလီ၌ ဖြစ်ပွားခဲ့သော ကားပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အမျိုးသားတစ်ဦးကို ဖမ်းဆီး

**နယူးဒေလီ နိုဝင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ စုံစမ်းစစ်ဆေးရေး အာဏာပိုင်များသည် လွန်ခဲ့သောသီတင်းပတ်က နယူးဒေလီ၌ ဖြစ်ပွားခဲ့သော ကားပေါက်ကွဲမှုနှင့်ပတ်သက်ပြီး အမျိုးသားတစ်ဦးကို ဖမ်းဆီးခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်က သမိုင်းဝင် ရက်ဒ်ဖို့တ်အနီးတွင် ကားပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ၁၀ ဦးခန့် သေဆုံးခဲ့ကာ ၃၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ အိန္ဒိယအစိုးရက အဆိုပါ ဗုံးပေါက်ကွဲမှုကို "အမျိုးသား ဆန့်ကျင်ရေး တပ်ဖွဲ့များ" ကျူးလွန်သည့် အကြမ်းဖက် ဖြစ်ရပ်ဟု ခေါ်ဆိုခဲ့သည်။

ပေါက်ကွဲမှုတွင် ပါဝင်သော ကားသည် ဖမ်းဆီးခံရသူ၏ အမည်ဖြင့် မှတ်ပုံတင်ထားကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါအမျိုးသားသည် အငြင်းပွားမှုဖြစ်ပွားနေသော ကက်ရှ်မီးယားဒေသတွင် နေထိုင်သူဖြစ်ကြောင်း အာဏာပိုင်များက ထပ်လောင်းပြောကြားခဲ့သည်။

ပေါက်ကွဲမှုတွင်သေဆုံးခဲ့သော ကားမောင်းသူမှာ ကက်ရှ်မီးယားဒေသမှ ဆရာဝန်တစ်ဦးဖြစ်သည်ဟု အာဏာပိုင်များက ဆက်လက်ပြောကြားသည်။ ၎င်းတို့ နှစ်ဦးသည် မော်တော်ယာဉ်ဝယ်ယူရန်နှင့် တိုက်ခိုက်ရန် ပူးပေါင်းကြံစည်ခဲ့သည်ဟု အာဏာပိုင်များက ယုံကြည်ကြသည်။

ကားမောင်းသူမှာ ပါကစ္စတန်အခြေစိုက် အစ္စလာမ္မစ်စစ်သွေးကြွများနှင့် အဆက်အသွယ်ရှိသည်ဆိုသော စုံစမ်းစစ်ဆေးရေး သတင်းရင်းမြစ်များ၏ပြောကြားချက်ကို ကိုးကား၍ ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ကမ္ဘောဒီးယားနိုင်ငံ၌ ကျောင်းထွက်နှုန်း မိန်းကလေးထက် ယောကျ်ားလေးအရေအတွက် ပိုမိုများပြားဟုဆို

**ဖနောင်ပင် နိုဝင်ဘာ ၁၇**



ကျောင်းထွက်သည့် အရေအတွက်သည် မိန်းကလေးများထက် ယောကျ်ားလေး အရေအတွက်က ပိုမိုများပြားကြောင်း ဖော်ပြသည့် အမျိုးသားအဆင့် လေ့လာဆန်းစစ်ချက်တစ်ရပ်ကို ကမ္ဘောဒီးယား၊ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) တို့ ပူးပေါင်းပြီး နိုဝင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ထားသည်။

လွန်ခဲ့သော ငါးနှစ်တာကာလ အတွင်း ကျောင်းတက်ရောက်သည့် အရေအတွက်မှာ ယောကျ်ားလေးများထက် မိန်းကလေးအရေအတွက်က ပိုမိုများပြားလာသည်ဟု လေ့လာမှုတွင် ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ် စာသင်နှစ်တွင် ကျောင်းတက်ရောက်သည့် မိန်းကလေးအရေအတွက်မှာ ၆၅ ရာခိုင်နှုန်းရှိပြီး ယောကျ်ားလေး အရေအတွက်မှာ ၅၇ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

ကျောင်း ထွက်ခြင်းသည် ယောကျ်ားလေးများအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိသော စိန်ခေါ်မှု တစ်ရပ်အဖြစ် ဆက်လက်ရှိနေသည်။ ပျမ်းမျှအားဖြင့် အလယ်တန်းအဆင့်တွင် ယောကျ်ားလေးများ ကျောင်းထွက်နှုန်း ၁၇ ရာခိုင်နှုန်းရှိပြီး မိန်းကလေးများက ၁၃ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

လေ့လာမှုတွင် မိဘများ၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်ချုပ်သူများ၊ ရပ်ရွာလူထုအဖွဲ့ဝင်များ၊ ပညာရေး အရာရှိများ၊ မေးမြန်းမှုများနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများ အပါအဝင် အချက်အလက်ရော တိုက်ရိုက်ဆွေးနွေးမှုများပါ ပါဝင်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် အမျိုးသားများ ကျောင်းထွက်ရခြင်းမှာ တစ်ခုတည်းသော အကြောင်းပြချက်ကြောင့် မဟုတ်ဘဲ တစ်ဦးချင်းစိတ်အခြေအနေ၊ မိသားစုအခြေအနေ၊ ကျောင်းပတ်ဝန်းကျင်အခြေအနေ၊ ရပ်ရွာဝေ့နှင့် အစိုးရမူဝါဒများကဲ့သို့ ကဏ္ဍပေါင်းစုံမှ အကြောင်းရင်းများက တစ်ခုနှင့်တစ်ခု ပေါင်းစပ်ဆက်နွှယ်ပြီး တွန်းအားပေးခြင်းကြောင့်ဖြစ်ကြောင်း လေ့လာမှုတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် သက်ကြီးရွယ်အိုများအတွက် ဆေးရုံစရိတ် ကင်းလွတ်ခွင့်ပြုရန် အဆိုပြု

**ဟနွိုင်း နိုဝင်ဘာ ၁၇**

ဗီယက်နမ်အစိုးရသည် ၂၀၂၇ ခုနှစ်မှစတင်ကာ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများနှင့် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအတွက် ဆေးရုံစရိတ်ကင်းလွတ်ခွင့်ပြုရေးနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် (အင်န် အေ) သို့ အဆိုပြု တင်သွင်းထားကြောင်း နေ့စဉ်သတင်းစာ Thanh Nien တွင် ဖော်ပြထားသည်။

ကျန်းမာရေးဝန်ကြီး ဒေါင်ဟုန်းလန်းက နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သော (၁၅) ကြိမ်မြောက် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အဆိုပါ အဆိုပြုချက်ကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ဗီယက်နမ်အစိုးရသည် နိုင်ငံသားများအနေဖြင့် ၂၀၂၆ ခုနှစ်မှစတင်ကာ နှစ်စဉ် အနည်းဆုံးတစ်ကြိမ် အခမဲ့ကျန်းမာရေးစစ်ဆေးမှု ရရှိရေးနှင့် ပတ်သက်၍လည်း တင်သွင်းထားသည်။

အခါအားလျော်စွာ ကျန်းမာရေးစစ်ဆေးမှုများအတွက် ရန်ပုံငွေကို ကျန်းမာရေးအာမခံရန်ပုံငွေနှင့် နိုင်ငံတော်ဘတ်ဂျက်မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆွဲငင်အားမရှိခြင်းသည် လူသား၏အူလမ်းကြောင်းအပေါ် မည်သို့သက်ရောက်သည်ကို လေ့လာရန် ဟိုတယ်ပြွန်ငယ်များဖြင့်စမ်းသပ်

**မဲလ်ဘုန်း နိုဝင်ဘာ ၁၇**

ဆွဲငင်အားမရှိခြင်းသည် လူသား၏အူလမ်းကြောင်းအပေါ် မည်သို့ သက်ရောက်သည်ကို လေ့လာရန် ဩစတြေးလျနိုင်ငံမှ သိပ္ပံပညာရှင်များသည် ၁၀ စင်တီမီတာအမြင့်ရှိ အဆင့်မြင့် ဟိုတယ်ပြွန်ငယ်ခေါ် "cell hotels" နှစ်ခုကို နိုင်ငံတကာအာကာသမစ်ရှင်တစ်ခုတွင် အသုံးပြုခဲ့သည်။

နိုဝင်ဘာ ၁၂ ရက်က ဆွီဒင်နိုင်ငံ ဂျာမန်အာကာသစင်တာမှ ပစ်လွှတ်လိုက်သည့် ဒုံးပျံပေါ်တွင် အလေးချိန် ၅၀၀ ကီလိုဂရမ်ခန့်ရှိသော နိုင်ငံတကာ စမ်းသပ်မှု ၂၁ ခုတွင် အဆိုပါ ခေတ်မီ "ဟိုတယ်" ပြွန်ငယ်များ ပါဝင်ကြောင်း ဩစတြေးလျ လာထရုဘ် တက္ကသိုလ်မှ နိုဝင်ဘာ ၁၇ ရက်က ထုတ်ပြန်လိုက်သော သတင်းထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါတက္ကသိုလ်သည် မဲလ်ဘုန်းအင်ဂျင်နီယာ ကုမ္ပဏီဖြစ်သည့် အင်န်နဘဲ အေရိုစပေ့နှင့် တွဲဖက်ပြီး အသေးစား ခဲတ်ခွဲခန်းများကို ဒီဇိုင်းထုတ်ထားသည်။

လာထရုဘ်သည် "Gastronauts" ဟုခေါ်သော အစာအိမ်ဆဲလ်များ ပါဝင်သော ယင်းဒုံးပျံပေါ်တွင် အသေးစားဓာတ်ခွဲခန်းငယ်နှစ်ခုကိုလည်းပတ်ခဲ့သည်။ အမြင့် ၂၇၀ ကီလိုမီတာနီးပါးတွင် သုညဒြပ်ဆွဲအား၌ ခြောက်မိနစ်ကျော်မျှ မပျံသန်းမီ၊ ပျံသန်းနေစဉ်နှင့် ပျံသန်းပြီးနောက် အာကာသအတွင်း ဆဲလ်များ မည်ကဲ့သို့ လိုက်လျောညီထွေဖြစ်ပုံကို နားလည်ရန် သုတေသနစမ်းသပ်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဆဲလ်ဆက်သွယ်မှု၊ ပြန်လည်ဖြစ်ပေါ်မှုနှင့် ကင်ဆာဆိုင်ရာ ထိုးထွင်းသိမြင်မှုများကို ဖော်ထုတ်သွားနိုင်မည်ဖြစ်ကြောင်း မော်လီကျူးသိပ္ပံဆိုင်ရာ လာထရုဘ်အင်စတီကျု၏ညွှန်ကြားရေးမှူး ပါမောက္ခပက်ထရစ်ခ်ဟမ်းဘာ့တ်က ပြောသည်။

ကမ္ဘာ့ဆွဲအားကိုသာဖယ်ထုတ်နိုင်မည်ဆိုပါက မိမိတို့သည် ကမ္ဘာ့ဆွဲအားသည် ကျန်းမာရေးအတွက် ဘာကြောင့်၊ ဘယ်လို အရေးပါသလဲ ဆိုသည်ကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်း ဟမ်းဘာ့တ်က ပြောသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ အလွန်အကျွံမူးယစ်ဆေးစွဲနေသူများကို ကုသရန်အတွက် ဆေးရုံ ၁၀ ခု သတ်မှတ်

**ကိုလံဘို နိုဝင်ဘာ ၁၇**

သီရိလင်္ကာနိုင်ငံ၌ အလွန်အကျွံမူးယစ်ဆေးစွဲနေသူများကို ကုသရန် ဆေးရုံ ၁၀ ခုကို သတ်မှတ်ခဲ့ကြောင်း ဝန်ကြီးတစ်ဦးက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အစိုးရက ကိုလံဘို၌ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အမျိုးသားကောင်စီရုံးကိုလည်း ထူထောင်သွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီး အန်နန်ဒါ ဝီဂျီပါလာက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတစ်ဝန်းရှိ နိုင်ငံပိုင် အဖွဲ့အစည်းများ၊ ကျောင်းများနှင့် တက္ကသိုလ်များအားလုံး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကော်မတီများ ထူထောင်ရန် နိုဝင်ဘာ ၁၇ ရက်တွင် နှီးဆော်စာ ထုတ်ပြန်ထားသည်ဟု ဝန်ကြီးက ပြောကြားသည်။ ယင်းမှာ မူးယစ်ဆေးဝါးအလွဲသုံးစားပြုခြင်းကို နှိမ်နင်းရန်နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အဖွဲ့အစည်းဆိုင်ရာနည်းလမ်းများ ခိုင်မာစေရန် ပိုမိုကျယ်ပြန့်သည့် အမျိုးသားလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

အမျိုးသားမူးယစ်ဆေးဝါးအန္တရာယ် ထိန်းချုပ်ရေးဘုတ်အဖွဲ့၏ 1818 hotline နှင့် ချိတ်ဆက်ထားသည့် ရုံးသစ်ကို နိုဝင်ဘာ ၂၂ ရက်တွင် ကိုလံဘို၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှား မြေပြိုမှု သေဆုံးသူ ၁၆ ဦးအထိရှိလာ

**ဂျကာတာ နိုဝင်ဘာ ၁၇**

လွန်ခဲ့သော သီတင်းပတ်က အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်းဂျာဗားပြည်နယ် ကီလာကပ်ဒေသ၌ ဖြစ်ပွားခဲ့သော မြေပြိုကျမှုကြောင့် ယခုအခါတွင် သေဆုံးသူဦးရေမှာ ၁၆ ဦးအထိ ရောက်ရှိလာပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း ဒေသတွင်းကယ်ဆယ်ရေးအရာရှိတစ်ဦးက နိုဝင်ဘာ ၁၇ ရက်က ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်ညက မိုးသည်းထန်စွာရွာခဲ့ခြင်းကြောင့် ထိုသို့ မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တာရူကန်နှင့် စီဘူရက်ရွာများရှိ လူနေအိမ်ခြေ ၁၆ လုံးလည်း ပျက်စီးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအေဂျင်စီ၏ အရေးပေါ်ဌာန အကြီးအကဲ မူဟာမက်ချွမ်ဆဲလ်က ပြောကြားခဲ့သည်။ မကြာသေးမီ ရက်များအတွင်း နောက်ထပ် သေဆုံးသူရုပ်အလောင်းများကို ထပ်မံတွေ့ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

မြေသားမတည်ငြိမ်မှုများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေကြောင်း ချွမ်ဆဲလ်က ပြောကြားခဲ့သည်။ မိုးလေဝသအခြေအနေမကောင်းခြင်းကလည်း အဓိက အချက်ဖြစ်သည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် အဆုံးသတ်ခဲ့သည်။ နောက်ထပ် မိုးရွာသွန်းမှုများက မြေပြိုကျမှုများကို ထပ်မံဖြစ်ပွားစေသည်။

ဒေသခံ ၁၁၂ ဦးတို့သည် ရွာရုံးများ၊ စာသင်ကျောင်း အဆောက်အအုံများတွင် ခိုလှုံနေထိုင်ကြသည်ဟု ချွမ်ဆဲလ်က ပြောသည်။

**ဆင်ဟွာ**

# ကျိုင်းတုံမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးသည်။ (ယာပုံ)

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၉၄ ဦးဖြင့် နိုဝင်ဘာ၂၄ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ရန်ကုန်မြို့မှထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဗဟိုတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှလည်းကောင်း အသီးသီးထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။



အဆိုပါ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ပေါ်တွင် လူနာ ၃၀ အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ ၂၅ ဦးအထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်းသိရှိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသောကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် အကြိမ်(၂၀) မြောက်ဖြစ်ပြီး (၁၉) ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၈၅၅၆၈ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၃၁ ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အနေဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည်(၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူ ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် အမှတ်(၂၇)အဆန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး အမှတ်(၂၈)အစုန် ခေတ်မီလေအေးပေးစက်ပါ လေအိတ်ရထားသည် မန္တလေးဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ နံနက် ၁၁ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

မန္တလေးမှ ရန်ကုန်သို့ ဆက်လက်လိုက်ပါလိုသည့် ခရီးသည်များအနေဖြင့် နေပြည်တော်ဘူတာမှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည့် အမှတ်(၈)အစုန် ခေတ်မီ DEMU ရထားဖြင့် ဆက်လက်လိုက်ပါနိုင်ပြီး ရန်ကုန်သို့ ညနေ ၅နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်သည်။ ထို့အတူ ရန်ကုန်မှ နံနက် ၆ နာရီတွင် ထွက်ခွာမည့် အမှတ်(၃၁)အဆန် ခေတ်မီ DEMU ရထားဖြင့် လိုက်ပါလာသည့် ခရီးသည်များအနေဖြင့် မန္တလေးသို့ ဆက်လက်လိုက်ပါလိုပါက အထက်ပါ ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် ပြေးဆွဲမည့် ရထားတွင် ချိတ်ဆက်စီးနင်းနိုင်ကြောင်း သိရသည်။

နေပြည်တော် – မန္တလေး – နေပြည်တော် ခရီးစဉ်ပြေးဆွဲမည့် လေအိတ်ရထားတွဲဆိုင်းတွင် ရိုးရိုးတန်း လေအိတ်လူစီးတွဲ နှစ်တွဲ၊ လေအေးပေးစက်ပါ အထက်တန်းလေအိတ်လူစီးတွဲ နှစ်တွဲနှင့် လေအိတ်ဘရိတ်တွဲတစ်တွဲ စုစုပေါင်းတွဲ ငါးတွဲဖြင့် ခရီးသည် ၂၃၈ ဦး လိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ မန္တလေး–နေပြည်တော်၊ နေပြည်တော်–မန္တလေး ခရီးစဉ်အတွက် ရိုးရိုးတန်း ငွေကျပ် ၁၅၀၀၀၊ အထက်တန်းငွေကျပ် ၂၀၀၀၀ ဖြစ်ပြီး လက်မှတ်များကို မိမိတို့သွားရောက်လိုသည့် ခရီးစဉ်များအတိုင်း ငါးရက်ကြိုတင်၍ တယ်လီဖုန်းဖြင့် ကြိုတင်မှာယူပြီး MMQR စနစ်ဖြင့် အွန်လိုင်းမှ ငွေပေးချေ၍လည်းကောင်း၊ သက်ဆိုင်ရာဘူတာများတွင် အထက်တန်းလက်မှတ်ကို သုံးရက်နှင့် ရိုးရိုးတန်းလက်မှတ်ကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ နေပြည်တော်–မန္တလေး ခရီးစဉ်တစ်လျှောက် တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်နှင့် ကျောက်ဆည်ဘူတာလေးခု၌သာ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဘူတာများတွင် ရပ်တန့်ချိန်အပါအဝင် ခရီးစဉ်အစအဆုံး ပြေးဆွဲချိန် ၅ နာရီသာကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



အောင်မြေသာစံမြို့နယ် သီရိမာလာရှေ့ရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နိုဝင်ဘာ ၁၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များက နေအိမ်များအား တစ်အိမ်တက်ဆင်း မီးဘေးကာကွယ်ရေးစစ်ဆေးပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။ ၂၂၁

❊ *ကျောဖုံးမှ*

ဂိုးသွင်းယူမှုအပိုင်းတွင် လိုအပ်ချက်များစွာ ရှိနေသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခွင့် လွဲချော်ခဲ့ရသည်။

အီတလီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ရှုံးထွက်ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ အီတလီအသင်းသည် ဆွီဒင်အသင်းကို ရှုံးနိမ့်ပြီး ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ လွဲချော်ထားသလို မြောက်မက်ဆီဒိုးနီးယားအသင်းကိုလည်း အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့သည့်အတွက်လည်း ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ထားသည်။

အီတလီအသင်းသည် အက်စပိုဆစ်တို၏ သွင်းဂိုးဖြင့် နော်ဝေအသင်းကို မိနစ် ၆၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်း ဖြစ်သည်။ နော်ဝေအသင်းအတွက် သွင်းဂိုးများကို နူဆာ၊ ဟာလန်းနှင့် လာဆင်တို့က သွင်းယူပေးခဲ့သည်။ နော်ဝေအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ရှစ်ပွဲတွင် ရှစ်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။

အခြားနာမည်ကြီး ပွဲစဉ်ရလဒ်များတွင် အင်္ဂလန်က အယ်ဘေးနီးယားကို နှစ်ဂိုး–ဂိုးမရှိ၊ အစ္စရေးက မော်လ်ဒိုဗာကို လေးဂိုး–တစ်ဂိုး၊ ပေါ်တူဂီက အာမေးနီးယားကို ကိုးဂိုး–တစ်ဂိုး၊ ပြင်သစ်က အဇာဘိုင်ဂျန်ကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **အောင်ဇော်**

# လူထုပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**လူထုပါတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



ကျွန်တော်ကတော့ ဦးမျိုးမင်းထွန်း (ခ) ပါစီပြည်ဟိန်းဖြစ်ပါတယ်။ လူထုပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ရွေးကောက်ပွဲကြီးမှာ လူထုပါတီအနေနဲ့ မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရွှေပြည်သာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ လူထုပါတီအနေနဲ့ ပြည်သူလူထုအတွက် တင်ပြပါကိစ္စရပ်တွေကို ဆောင်ရွက်ခွင့်ရချင်ပါတယ်။ နိုင်ငံတော်အတွင်း

ထာဝရငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး

စားဝတ်နေရေး

ကျန်းမာရေး

ပညာရေး

စိုက်ပျိုးမွေးမြူရေးနှင့် စီးပွားရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဖော်ဆောင်ခွင့်ရချင်ပါတယ်။

ကမ္ဘာ့နိုင်ငံတွေက ကွန်ပျူတာခေတ် Internet ခေတ်တွေကျော်လွန်ပြီး AI ခေတ်ကိုတောင် ရောက်နေပြီ။ စက်ရုပ်တွေ၊ မောင်းသူမဲ့ကားတွေ၊ ဒီဇယ်ခေတ်ဆီကားတွေကနေ လျှပ်စစ်ကားတွေ၊ အာကာသခရီးသွားလုပ်ငန်းတွေ၊ အာကာသနယ်ပယ်သစ်ချဲ့ထွင်မှုတွေ အင်အားကြီးစစ်လက်နက်တွေ၊ လက်နက်ဆန်းတွေ အလုအယက်ဖန်တီးတည်ဆောက်နေကြတာ နေ့စဉ်နှင့်အမျှ ဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံကြီးတွေ၊ ပတ်ဝန်းကျင်နိုင်ငံတွေရဲ့တိုးတက်မှုတွေကိုကြည့်ရင် နိုင်ငံသားအချင်းချင်း မသင့်မြတ်မှု၊ လက်နက်စွဲကိုင် သူပုန်ထမှုတွေ ချုပ်ငြိမ်းပြီးမှ ရလာတဲ့အသီးအပွင့်တွေဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းပြီး အေးချမ်းသာယာဖို့ အချိန်တန်ပါပြီ။ နှစ်ပေါင်း ၇၀ ကျော်ကြာ ဖြစ်ပွားနေတဲ့ တိုင်းရင်းသားအချင်းချင်း မသင့်မြတ်မှု အခွန့်ရှည်နေမယ်ဆိုရင် တိုင်းပြည်နဲ့ ပြည်သူတို့ရဲ့ဘဝများက ဘယ်တော့မှ တိုးတက်မှာမဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ဆုပ်ထားတဲ့ လက်သီးတွေ ဖြည်လိုက်ကြပါ။ လက်သီးဆုပ်တွေကို ဖြည်မယ်ဆိုရင် ရင်ဘတ်ချင်းအပ် ပွင့်လင်းဖို့လိုပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ တိုင်းပြည်တည်ဆောက်လို့ မရပါဘူး။ တိုင်းရင်းသားညီအစ်ကို အချင်းချင်းမငြိမ်းချမ်းမှုကြောင့် တိုင်းပြည်လည်းနာ၊ ပြည်သူလည်း ဒုက္ခဝေဖြာခဲ့ကြရပါတယ်။ ငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်တဲ့ NCA သာလျှင် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ဖူးထွက်စေချင်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား**

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ တစ်မျိုးသားလုံးနီးပါး စာတတ်မြောက်ဖို့လိုပါတယ်။ အများအားဖြင့် ကျောင်းနေလို့ရတဲ့ အသက်အရွယ်အားလုံး ကျောင်းနေရပါမယ်။ လူငယ်တိုင်း စာတတ်မြောက်ရပါမယ်။ လူငယ်တွေ စာတတ်မြောက်ပါမှ ဗဟုသုတရှိမှာပါ။ အမှားအမှန်ကို ဝေဖန်နိုင်မှာဖြစ်ပါတယ်။ လူငယ်တွေ ပညာဆည်းပူးတဲ့အခါမှာ ပညာမသင်နိုင်လောက်အောင် အတားအဆီးဖြစ်နေတဲ့ အရာတွေထဲမှာ ဒေသအလိုက် မငြိမ်းချမ်းမှု၊ အုပ်ချုပ်ရေး မတည်ငြိမ်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုတွေလည်း ပါဝင်ပါတယ်။ ယနေ့အခြေအနေအရဆိုရင် မငြိမ်းချမ်းမှုကြောင့် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် စာမသင်ရတဲ့လူငယ်တွေ အများကြီးဖြစ်ပါတယ်။ လူငယ်တွေ ပညာသင်ယူနိုင်ဖို့ ငြိမ်းချမ်းရေးနှင့်လည်း အဓိကသက်ဆိုင်နေပါတယ်။ ဒုတိယအရေးကြီးတာက လူငယ်တွေ ပညာသင်ယူနိုင်ဖို့အတွက် စာပေသင်ယူနိုင်မှု အခွင့်အလမ်းတွေ လွယ်ကူရပါမယ်။ မိသားစုတိုင်း စီးပွားရေးပြေလည်အောင် ဆောင်ရွက်ရပါမယ်။ မိသားစုတိုင်း သားသမီးပညာရေးအတွက် ဦးစားပေးလုပ်ဆောင်ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကျောင်းတွေရဲ့ ကြီးမြင့်တဲ့စရိတ်စကတွေလည်း လျှော့ချပေးရပါမယ်။ အစိုးရကျောင်းတွေမှာ လူငယ်အားလုံး ပညာသင်ယူနိုင်အောင် ဆောင်ရွက်ရပါမယ်။ စာသင်ပေးမယ့် ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းတွေ၊ အရည်အသွေးတွေကို မြှင့်တင်ရပါမယ်။ ရပ်ထဲရွာထဲ ကျော်စောမှုရှိတဲ့ ပညာတတ်များ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို အစိုးရစာသင်ကျောင်းတွေမှာ အချိန်ပိုင်းစာသင်ကြားခြင်းများကို ဆောင်ရွက်ခွင့်ပေးရပါမယ်။ ပုဂ္ဂိုလ်ကိုးကွယ်မှု၊ အလွန်အကျွံလေးစားမှု၊ နိုင်ငံရေးဝါဒတစ်ခုခုကို အလွန်အမင်းယုံကြည်မှု၊ အကြမ်းဖက်လက်နက်စွဲကိုင်မှု၊ နိုင်ငံရေးဝါဒတစ်ခုအပေါ် မှားယွင်းစွာယုံကြည်မှု၊ တိုင်းပြည်ကာကွယ်ရေးအတွက်မဟုတ်ဘဲ လက်နက်ကိုင်သူပုန်ထမှုတွေဟာ အသိသုတ၊ ဗဟုသုတမရှိလို့သာ ဖြစ်ပါတယ်။ အသိသုတ၊ ဗဟုသုတရှိစေဖို့၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်ဖို့ လူငယ်တွေ ငယ်စဉ်ကတည်းက ပညာဆည်းပူးရမှာဖြစ်ပါတယ်။ လူငယ်တွေကို စာသင်ကြားပေးတဲ့နေရာမှာ အမိနိုင်ငံတော်ကို ချစ်မြတ်နိုးတဲ့စိတ် ကိန်းအောင်းလာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဖော်ပြပါတာဝန်တွေကို ကျွန်တော်တို့ လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ဟာ မြေသယံဇာတပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေးကောင်းမွန်စွာ ပြုလုပ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါတယ်။ လယ်ယာနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်အောင် နိုင်ငံတော်က ကမကထပြုဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းသွားတဲ့ကာလမှာ ပစ္စည်းကိရိယာများရဲ့ ဈေးနှုန်းမြင့်မားမှု၊ လောင်စာဆီများ ဈေးနှုန်းမြင့်မားမှုတွေ ကြီးမားတဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်း လုပ်ကိုင်သူတွေကို နိုင်ငံတော်က ကူညီဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ငန်းအတွက် လိုအပ်တဲ့ စက်ယန္တရားတွေ၊ လောင်စာဆီတွေ၊ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးရမှာ ဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံးပစ္စည်းများကို ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့်မပေးဘဲ နိုင်ငံတော်အစိုးရကသာလျှင် ထိန်းချုပ်ပြီး ဆောင်ရွက်ပေးသင့်ပါတယ်။ လယ်ယာလုပ်ငန်းခွင်သုံး စက်ယန္တရားများ၊ လောင်စာဆီများ၊ ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ မျိုးစေ့များ၊ အခြားအထောက်အကူပြုပစ္စည်းတွေဟာ ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ လက်ဝါးကြီးအုပ်မှုများ၊ ဈေးကစားမှုများကြောင့် လယ်သမားများ အခက်ကြုံတွေ့နေရပါတယ်။ လယ်သမားများ လယ်ယာမြေ မစိုက်ပျိုးနိုင်ရင် နိုင်ငံတော်ရှိ ပြည်သူများအတွက် စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်ရပါလိမ့်မယ်။ လယ်ယာလုပ်ငန်းရှင်များနှင့်ပတ်သက်၍ အစိုးရမှ ပြန်လည်ကိုင်တွယ်သင့်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိုင်ငံတော်ရဲ့ လူဦးရေများပြားလာမှု၊ မြို့ရွာများ ချဲ့ထွင်လာမှုတွေဟာလည်း လယ်ယာမြေဆုံးရှုံးမှုတွေကို ဖြစ်ပေါ်လာစေပါတယ်။ မတော်လောဘဖြင့် စီးပွားရေးလုပ်ကိုင်သူများက လယ်ယာမြေများကို ဥပဒေမဲ့အကွက်ရိုက်ရောင်းချမှုများ၊ အခြားနည်းအသုံးပြုခွင့်မရှိဘဲ လယ်ယာမြေကို ဖျက်သိမ်း၍ အခြားလုပ်ငန်း ဆောင်ရွက်မှုများကြောင့် လယ်ယာမြေများ ဆုံးရှုံးမှုကို ဖြစ်ပေါ်စေပါတယ်။ အစိုးရမှ ဥပဒေများ ထုတ်ပြန်အရေးယူ



ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော မတော်လောဘစီးပွားရေးသမားများက လိုက်နာမှုမရှိသည်ကို တွေ့ရပါတယ်။ ပြင်းထန်ထိရောက်သော ဥပဒေများ ရေးဆွဲ၍ လယ်ယာမြေများ ဆုံးရှုံးခြင်းကို ကာကွယ်သင့်ပါတယ်။ လယ်ယာမြေများအတွက် လူထုပါတီက ဆောင်ရွက်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့လူငယ်တွေက နိုင်ငံတော်အတွင်းမှာမနေဘဲ အချို့သောနိုင်ငံတွေကို တရားမဝင်သွားရောက်နေတာကလည်း ကြီးမားတဲ့ပြဿနာတစ်ခုဖြစ်ပါတယ်။ လူငယ်တွေ ပြည်တွင်းမှာနေဖို့အတွက် လုပ်သာကိုင်သာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရမှာဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနိုင်ငံဖြစ်တဲ့အတွက် အလွယ်တကူစိုက်ပျိုးနိုင်အောင်၊ မွေးမြူနိုင်အောင် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ကျွန်တော်တို့ပါတီက သဘောကျအကြိုက်ဆုံးအရာတစ်ခုရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးကျောင်းတွေ တွဲဖွင့်ပေးတာပဲဖြစ်ပါတယ်။ အမြော်အမြင်ကြီးသောလုပ်ရပ်ဖြစ်ပါကြောင်း ဂုဏ်ပြုပြောကြားလိုပါတယ်။ အရင်စနစ်က ပညာသင်နေတဲ့လူငယ်တွေဟာ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း မအောင်တော့ရင် ဘာလုပ်ရမှန်းမသိဖြစ်နေတတ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးကျောင်းတွေတွဲ၍ ဖွင့်ပေးထားခြင်းအားဖြင့် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း အဆင့်မြင့်တန်းတွေ မဆည်းပူးနိုင်ရင်တောင်မှ စိုက်ပျိုးမွေးမြူရေးကို နားလည်ပြီး ၎င်းတို့တစ်ဦးချင်းရဲ့ စားဝတ်နေရေး၊ မိသားစုစားဝတ်နေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုလူတန်းစားတစ်ရပ် ထွက်ပေါ်လာမှာဖြစ်ပါတယ်။ ကျေးရွာတွေ/မြို့တွေမှာရှိတဲ့ လူငယ်တွေဟာ နိုင်ငံရပ်ခြားသွားစရာမလိုပါဘဲ မိမိတို့နိုင်ငံမှာပဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွေးမြူရေးဇုန်၊ စိုက်ပျိုးရေးဇုန်များ မြို့နယ်တိုင်းမှာ ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ ယင်းဇုန်များ ထူထောင်ရာတွင်လည်း စီးပွားရေးသမားများ လက်ဝါးကြီးအုပ်မှုမရှိစေရန် စနစ်တကျထိန်းကျောင်းပေးရပါမယ်။

ဖော်ပြပါတာဝန်များကို ကျွန်တော်တို့ လူထုပါတီက ထမ်းဆောင်ခွင့်ရချင်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့လူထုပါတီကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ မဲရုံကိုသွားပြီး မိမိကြိုက်ရာပါတီ၊ မိမိကြိုက်ရာ ကိုယ်စားလှယ်လောင်းကို မဲပေးလိုက်ပါ။ သင့်မဲတစ်ပြားဖြင့် တိုင်းပြည်တည်ဆောက်ပါ။ သင့်မဲဖြင့် အမိနိုင်ငံတော်ကို ချစ်မြတ်နိုးကြောင်း ပြသလိုက်ပါ။ သင့်မဲဖြင့် ပြည်ထောင်စုရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ပါ။ သင့်မဲဖြင့် နိုင်ငံတော်သာယာဝပြောအောင်လုပ်ပါ။ သင့်ကြောင့် ရရှိပြီး လွတ်လပ်ရေးကို မဆုံးရှုံးပါစေနှင့်။ သင့်ကြောင့် နိုင်ငံတော်ကြီး ကမ္ဘာ့အလယ်မှာ အခွန့်ရှည်တည်တံ့ပါစေ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်သူ့ပါတီက

# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၇

**ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီး က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာပိုင်ရှင် အစစ်အမှန်ဖြစ်ကြတဲ့ မဲဆန္ဒရှင် ပြည်သူများ ခင်ဗျာ...**

မဲဆန္ဒရှင် ပြည်သူအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အခြေခံပြီး နိုင်ငံရေးမျိုးဆက်အသီးသီးမှ ရဲဘော်များ၊ နယ်ပယ်အသီးသီးမှ တတ်သိကျွမ်းကျင်သူများကို စုစည်းတည်ထောင်ထားတဲ့ပါတီဖြစ်ပါတယ်။ မကြာမီဖြတ်သန်းကြရမယ့် ရွေးကောက်ပွဲဟာ သာမန်အခြေအနေတွေမှာ ကျင်းပရတဲ့ ရွေးကောက်ပွဲတွေနဲ့ မတူပါဘူး။ ဒါကြောင့်လည်း ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုကိစ္စတွေကို ဦးစားပေး ဆောင်ရွက်ကြမလဲဆိုတာက အင်မတန်ကိုအရေးကြီးပါတယ်။

ကျွန်တော်တို့ ပြည်သူ့ပါတီအနေနဲ့ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေ စိုးမိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်ပြန်လည်စုစည်း တည်ဆောက်ရေးတို့ကို အဓိကဦးစားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးစားပေး အစီအစဉ်လို့ ပြောနေရပေမယ့် တစ်ခုပြီးမှတစ်ခု လုပ်ရမှာမျိုး မဟုတ်ဘဲ ရှိသမျှ အရင်းအမြစ်တွေကို စုစည်းပြီး အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့လည်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့ဆိုတာ အင်မတန်ကို ခက်ခဲပါတယ်။ ပဋိပက္ခပြင်းထန်တဲ့ကာလတွေမှာ အစွန်းတရားတွေ ကြီးထွားလေ့ရှိပေမယ့် နိုင်ငံတော်ပြန်လည်စုစည်း တည်ဆောက်ရေးအမြင်ကိုတော့ မျက်ခြည်မပြတ်ဖို့လိုပါတယ်။ ဒါကြောင့်လည်း အကြောင်းကြောင်းကြောင့် ကွဲကွာနေရတဲ့ မိသားစုတွေ ပြန်လည်ဆုံစည်းနိုင်ဖို့ ငြိမ်းချမ်းတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာကြစေဖို့ အဓိက ဆောင်ရွက်သွားပါမယ်။ တိုက်ပွဲရှောင် နေရပ်စွန့်ခွာပြည်သူများ လုံခြုံစိတ်ချစွာ နေရပ်ပြန်လည်အခြေချနိုင်ရေး၊ ပြန်လည်ထူထောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး၊ ပညာရေး ကျန်းမာရေး လူမှုရေး ဝန်ဆောင်မှုတွေ ပြန်လည်ခံစား ရရှိနိုင်စေဖို့အတွက် မူဝါဒတစ်ရပ် ညှိနှိုင်း ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးညှိနှိုင်းမှုတွေ အောင်မြင်ရရှိစေဖို့အတွက်လည်း ဆောင်ရွက်သွားပါ့မယ်။ ငြိမ်းချမ်းရေး ရရှိလာတာနဲ့အမျှ ပြည်သူ့စစ်မှုထမ်း ဥပဒေနဲ့ ပတ်သက်တဲ့ စိုးရိမ်သောကတွေကိုလည်း သက်သာစေမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်စေဖို့အတွက် စစ်ဆေးကြီးကြပ်ခြင်းများ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တကယ်တော့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်က တန်းတူညီမျှရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတိုင်းတန်းတူညီမျှရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စကိုလည်း အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်လာရင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဟာ ရာဇဝတ်မှုတွေ လျှော့ချနိုင်ဖို့အတွက် အခြေခံတစ်ခုဖြစ်ပါတယ်။ လူငယ်တွေကြားထဲမှာ မူးယစ်ဆေးဝါး ပျံ့နှံ့သုံးစွဲနေမှုဟာလည်း နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေကို ထိခိုက်ပျက်စီးစေတာဖြစ်တဲ့အတွက် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အလေးအနက်ထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သလို ပြည်သူတွေရဲ့ နေ့စဉ်ဘဝလုံခြုံမှုအတွက်လည်း အင်မတန် အရေးကြီးပါတယ်။ တရားဥပဒေစိုးမိုးရေးလို့ပြောရင် နိုင်ငံ့ဝန်ထမ်းတွေရဲ့ အခန်းကဏ္ဍဟာ အဓိကပါ။ နိုင်ငံ့ဝန်ထမ်းတွေအတွက် အခြေခံလူနေမှုစရိတ်နဲ့ လိုက်လျောညီထွေတဲ့ လုပ်ခလစာ အဆောင်အယောင်တွေ ရရှိခံစားနိုင်စေဖို့နဲ့ စွမ်းရည်ထက်မြက်ပြီး ကျစ်လျစ်တဲ့ ဝန်ထမ်းယန္တရား ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲအုပ်ချုပ်ရေးစနစ်ကိုလည်း ခေတ်နဲ့လျော်ညီတဲ့ E- Government အဆင့် အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ တရားမျှတပြီး ခေတ်နဲ့လိုက်လျောညီထွေဖြစ်တဲ့ ဥပဒေတွေ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်အမိန့်တွေကို စိစစ်သုံးသပ်ပြီး ပြင်ဆင်သင့်တာတွေ၊ ပယ်ဖျက်အစားထိုးသင့်တာတွေ၊ အသစ်ပြဋ္ဌာန်းသင့်တာတွေကိုလည်း အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ရင် လျှပ်စစ်နဲ့စွမ်းအင်ကဏ္ဍဟာ အခြေခံလိုအပ်ချက်ဖြစ်ပါတယ်။ လျှပ်စစ်မီးမှန်မှန်ရရှိစေဖို့ စွမ်းအင်ကဏ္ဍဖူလုံစေဖို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်တာနဲ့အညီ တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်းစေရေး၊ စိုက်စရိတ်ချေးငွေများ၊ သီးနှံအာမခံစနစ်များ ခံစားရရှိနိုင်စေရေး၊ မျိုးစေ့မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်သုံးဆီ၊ စိုက်ပျိုးရေရရှိစေရေး၊ သီးနှံထွက်ကုန်များ လက်ဝါးကြီးအုပ်ဈေးကစားခြင်းမှ အကာအကွယ်ပေးရေး၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ကုန်စည်များထုတ်လုပ်နိုင်ရေးတို့ကို အားပေးထောက်ပံ့သွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနှင့်အတူ မွေးမြူရေးနဲ့ ရေထွက်ပစ္စည်းလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် နည်းပညာ အရင်းအနှီးနဲ့ ဈေးကွက်အဆက်အသွယ်တွေကိုလည်း ရှာဖွေကူညီပေးသွားမှာ ဖြစ်ပါတယ်။ လယ်ယာသားငါးထွက်ကုန်များ၊ စက်မှုထွက်ကုန်များ ဈေးကွက်နဲ့ ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့ ကုန်ထုတ်လမ်းကြောင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ လမ်းကွန်ရက်များ အဆင့်မြှင့်ပြုပြင်တည်ဆောက်ခြင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ လုံခြုံချောမွေ့စေခြင်းတို့ကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာစေဖို့အတွက် သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်မယ့် ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေးဖိတ်ခေါ်ခြင်း၊ ပြည်ပသွားရောက် အလုပ်လုပ်ကိုင်ကြမယ့် လူငယ်တွေအတွက် ဥပဒေအကာအကွယ် ရရှိခံစားနိုင်စေရေး၊ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားအင်အားတွေ ပြန်လည်ရရှိနိုင်စေဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အင်မတန်အရေးပါပါတယ်။ ဒါကြောင့် လမ်း၊ တံတား အဆောက်အအုံများ လူနေ အိမ်ရာများ၊ အိမ်ခြံမြေဈေးကွက် စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းအပါအဝင် ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မူဝါဒများ ညှိနှိုင်းရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍအသီးသီးအတွက် ဖွံ့ဖြိုးရေးဘဏ်များ စနစ်တကျ တည်ထောင်ဖွံ့ဖြိုးလာစေဖို့ကိုလည်း ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်တဲ့ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်တိကျရေးနဲ့ နယ်ပယ်အသီးသီးအတွက် စံချိန်စံညွှန်းများ တိတိကျကျ သတ်မှတ်ဖော်ဆောင်နိုင်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်သွားပါမယ်။ ဒစ်ဂျစ်တယ် စီးပွားရေးစနစ်(digital economy) ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်စေဖို့ အားပေးဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် အဓိကအခက်အခဲဖြစ်နေတာ တစ်ခုကတော့ ဘဏ်တိုးနှုန်းပဲ ဖြစ်ပါတယ်။ အခွန်အကောက် ကောက်ယူတဲ့နေရာမှာလည်း ရိုးရှင်းပြီး သင့်တင့်မျှတတဲ့ အခွန်အကောက်စနစ်တွေဖြစ်ဖို့၊ အခွန်ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ ကျယ်ပြန့်တဲ့ အခွန်ထမ်းစနစ်ဖြစ်ပေါ်စေဖို့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုဗစ်ကပ်ရောဂါ ကာလကစပြီး ထိခိုက်ခဲ့ရတဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်သက်ဝင် အားကောင်းလာစေဖို့ စီးပွားရေးနှိုးဆွမှုအစီအမံများ (economic stimulus plan) ကိုလည်း ညှိနှိုင်း ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းများ ကြိုးနီစနစ်များကိုလည်း အတတ်နိုင်ဆုံး ပြုပြင်ဖြေလျှော့ခြင်း(deregulation) ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ စွန့်ဦးတီထွင်လုပ်ငန်းတွေ အားကောင်းသန်မာလာစေဖို့နဲ့ ငွေကြေးဈေးကွက်နဲ့ လွယ်ကူစွာ ချိတ်ဆက်နိုင်စေဖို့၊ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်လာစေဖို့အတွက်တွေကိုလည်း အားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလို့ ပြောတဲ့နေရာမှာ နိုင်ငံသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးက အခြေခံအကျဆုံးပဲ ဖြစ်ပါတယ်။ ကျန်းမာသန်စွမ်းတဲ့ နိုင်ငံသားတွေဖြစ်ဖို့၊ ဉာဏ်ရည် မြင့်မားတဲ့ နိုင်ငံသားတွေဖြစ်ဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

ပညာရေးစနစ်ကို နိုင်ငံသားတိုင်း အလယ်တန်းပညာအဆင့် အနိမ့်ဆုံး သင်ကြားတတ်မြောက်နိုင်စေဖို့နဲ့ အတွေးအခေါ် ဆင်ခြင်တုံတရားကို အားပေးတဲ့ ပညာရေးစနစ် ဖြစ်ထွန်းလာစေဖို့ ကြိုးပမ်းသွားပါ့မယ်။ ၂၀၂၅ ခုနှစ် ကုလသမဂ္ဂ လူဦးရေဌာန၏ ပျမ်းမျှတွက်ချက်မှုတွေအရ ကမ္ဘာလုံးဆိုင်ရာ မွေးဖွားချိန်မှစ၍ ပျမ်းမျှသက်တမ်း ( Life Expectancy at Birth ) မှာ ၇၃.၅ နှစ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ ပျမ်းမျှသက်တမ်းကတော့ ၆၇.၃နှစ်ပဲရှိတဲ့ ၂၀၁ နိုင်ငံဖော်ပြတဲ့အထဲမှာ အဆင့် ၁၆၃ ကို ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့် အစားအသောက်၊ ဆေးဝါး၊ သောက်သုံးရေ အစရှိတဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် အန္တရာယ်မကင်းတဲ့ ဓာတုဆေးဝါးတွေ ဆိုးဆေးတွေသုံးစွဲနေမှုတို့ကို တင်းတင်းကျပ်ကျပ် စိစစ်ထိန်းချုပ်သွားပါမယ်။ နေ့စဉ် ရှူရှိုက်နေရတဲ့ လေကောင်းလေသန့် ရရှိနိုင်ဖို့အတွက်လည်း လေထုညစ်ညမ်းမှု လျှော့ချရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကို အခြေခံပြီး အမျိုးသားယဉ်ကျေးမှု အခြေခံတွေကို လေးစားတန်ဖိုးထားတဲ့ နိုင်ငံတော် ပြန်လည်စုစည်းတည်ဆောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော် ပြန်လည်စုစည်း တည်ဆောက်တဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ကမ္ဘာ့နိုင်ငံများနဲ့ ငြိမ်းချမ်းစွာ အကျိုးတူ ပူးပေါင်း ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျာ......**

ကျွန်တော်တို့ ပြည်သူ့ပါတီဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအတွက် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေကို အခြေခံတဲ့ နိုင်ငံတော်သစ် တည်ဆောက်နိုင်ဖို့ ခိုင်မာစွာ ကြိုးပမ်း ရပ်တည်နေတဲ့ ပါတီဖြစ်ပါတယ်။ အခုလို သာမန်မဟုတ်တဲ့အခြေအနေမျိုးမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ သာမန်ရွေးကောက်ပွဲတွေထက် အရေးကြီးပါတယ်။ လက်ရှိပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ စားဝတ်နေရေး ပြဿနာတွေကို သက်သာပြေလည်နိုင်စေဖို့ လာမယ့် ၅ နှစ်တာကာလအတွက် နိုင်ငံတော်ကို ရွေးချယ်ကြရမှာဖြစ်ပါတယ်။ ပြည်သူအားလုံးကိုယ်စား ပြောရေးဆိုခွင့်ရရှိဖို့ ပြည်သူတွေရဲ့ ဆန္ဒမဲနဲ့ပြည်သူတွေကို အခြေပြုတဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အဝါရောင် နောက်ခံနဲ့ ပြည်သူ့ပါတီကို မဲပေးထောက်ခံကြဖို့ လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား.......

ပြည်သူ့ပါတီရဲ့ အမှတ်အသားတံဆိပ်ကတော့ အဝါရောင်နောက်ခံနဲ့ အလယ်က အနီရောင်အကန့်ပေါ်မှာ မီးရှူးတိုင်ကိုင်ဆောင်ထားတဲ့ပုံ ဖြစ်ပါတယ်။

“အမှောင်တိုက်ကို ဖြိုခွင်း အလင်းခေတ်ကိုရောက်ဖို့ အဝါရောင် ပြည်သူ့ပါတီကို မဲပေးစို့”

ပြည်သူအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

**ပါတီ၏ သီချင်းစာသား**

**အလင်းခေတ်သို့ဦးတည် ပြည်သူ့ပါတီ**

(“မဲပေးကြမည်ပြည်သူ့ပါတီ”)<br>
Cho:( မဲပေးကြရမည် ) ၃<br>
( ပြည်သူ့ပါတီ )<br>
Verse 1 : စပါးရွှေဝါ တောင်လိုပုံရမည်။<br>
အမိနိုင်ငံသာယာငြိမ်းချမ်းမည်။<br>
(နိုင်ငံရောင်ဝါ ပြန်ထိန် လင်းရမည်။)<br>
ရွှေဝါရောင်အိပ်မက်သို့ဦးတည်။<br>
အဝါ အဝါ အဝါ လာပါပြီ။<br>
Cho:( မဲပေးကြရမည် ) ၃<br>
( ပြည်သူ့ပါတီ)<br>
Verse2 စိုးရိမ်သလား ပြောလိုက်စမ်းပါ။<br>
နားမလည်ဘူးလား ပြောလိုက်စမ်းပါ။<br>
ဆင်းရဲနွမ်းပါးလား ပြောလိုက်စမ်းပါ။<br>
အိပ်မက်တွေ ပျောက်နေသလား ပြောလိုက်စမ်းပါ။<br>
အားလုံးကိုယ်စားပြောပေးမယ့်သူ<br>
အဝါ အဝါ အဝါ လာပါပြီ။<br>
Cho:( မဲပေးကြရမည် ) ၃<br>
(ပြည်သူ့ပါတီ)<br>
Verse3 တရားမျှတခြင်း<br>
လွတ်လပ်ခြင်းတွေ တန်းတူညီမျှခြင်းအတွက်<br>
(မဲပေးကြရမည်)<br>
အဝါ အဝါ အဝါရောင်<br>
အဝါ အဝါ အဝါရောင် လာပြီ။<br>
Verse 4 : မင်းကရော အဝါ သူကရော အဝါ<br>
မင်းကလည်းအဝါ<br>
ငါကလည်း အဝါ<br>
အားလုံး အဝါ<br>
မဲပေးကြပါမည်။<br>
Cho :( မဲပေးကြရမည် ) ၃<br>
(ပြည်သူ့ပါတီ)<br>
Verse 2<br>
Cho : ( မဲပေးကြရမည် ) ၃<br>
(ပြည်သူ့ပါတီ)<br>
Verse 3<br>
Verse 4<br>
( Cho : )( မဲပေးကြရမည် ) ၃<br>
(ပြည်သူ့ပါတီ)<br>
( Cho :) ( မဲပေးကြရမည် ) ၃<br>
( ပြည်သူ့ပါတီ )

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၇

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် AA အဖွဲ့ဝင်နှင့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှု ကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် မင်းပြားမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ သံတွဲမြို့နယ်နှင့် ဂွမြို့နယ်တို့မှ AA အဖွဲ့ဝင် အမျိုးသား ကိုးဦးနှင့် မအူပင်မြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဇလွန်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ခြောက်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌ ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း AA အဖွဲ့ဝင်များနှင့် PDF အဖွဲ့များမှ အလင်းဝင်ရောက်လာသူအား ချီးမြှင့်ငွေ ပေးအပ်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၀၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာ သူ ၁၅ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ AA မှာနေတဲ့အခါကျတော့ အိမ်နဲ့လည်း အဆက်အသွယ် မရဘူး။ ဖုန်းလည်းမပြောရဘူး။ ပြီးတော့ အစားအသောက်လည်း မကောင်းဘူး။ မကောင်းတဲ့ အခါကျတော့ မနေချင်ဘူး။ တစ်လလာလို့လည်း မမြင်ရ၊ တစ်နှစ်နေလို့လည်း မတွေ့ရတဲ့အခါ စိတ်ပျက်လာတယ်။ နေတာထိုင်တာ စားတာ သောက်တာတွေ ဘဝတွေက ကြမ်းတမ်းတယ်။ တစ်ခါတလေကျရင် ရွှံ့တွေ၊ ဗွက်တွေမှာလည်း အိပ်ရတယ်။ နောက်ပြီး ခြင်တွေကိုက်တယ်။ အဲဒါနဲ့ မနေချင်တာနဲ့ နောက်ကို ပြန်ပြီးတော့ဆင်းတယ်။ ဆင်းတာနဲ့ သူတို့က ကျွန်တော့်ကို ဖမ်းတယ်။ ဖမ်းပြီးတော့ ချုပ်ထားတယ်။




ချုပ်ထားတော့ ကျွန်တော်လည်း အချုပ်ထဲမှာ မနေချင်ဘူး။ သူတို့လက်အောက်ထဲမှာ AA တွေအထဲမှာ မနေချင်ဘူး။ မနေချင်တာနဲ့ ကျွန်တော်က ဖောက်ပြီးတော့ ပြေးလာခဲ့တယ်။ ထမင်းတွေလည်း အသိုးတွေ။ တစ်ခါတလေကျရင် စားမရလို့ ပစ်လိုက်ရတယ်။ ငါးခြောက်ဆို တစ်ကောင်သုံးကောင်ပဲပါတယ်။ တစ်ခါတလေကျ ဘာမှမပါဘူး။ ဆားဖြူးပြီးတော့ စားရတယ်။ ကြာလာတော့ စိတ်ပျက်လာတယ်။ အဲဒီ အဖွဲ့အစည်းထဲမှာ မနေချင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော်အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။

၂။ ကျွန်တော် PDF ထဲဝင်ရောက်တာကျတော့ ကရင်ပြည်နယ်ကနေစပြီးတော့ ဝင်သွားတာပါ။ ကရင်ပြည်နယ်ကနေ ဝင်ပြီးတော့ ကျွန်တော် စစ်ကိုင်းကို သွားရပါတယ်။ ကျွန်တော်တို့ စစ်တိုက်တာကအစ သူတို့ဘက်ကနေပြီးတော့ လုပ်ဆောင်ချက်တွေလွဲတယ်။ ကျွန်တော်တို့ကို နိုင်ထက်စီးနင်းလုပ်တာတွေလည်း ပါတယ်။ နောက်အစားအသောက်ကအစ လူပါးဝပါတယ်။ အခုစစ်တိုက်တယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေက ပထမစည်းမှာ စစ်တိုက်ရပါတယ်။ ကင်းစောင့်မယ်ဆိုရင်လည်း ကျွန်တော်တို့ PDF တွေကိုပဲ စောင့်ခိုင်းပါတယ်။ သူတို့ AA တွေကျတော့ မစောင့်ပါဘူး။ သူတို့ကနောက်မှာပဲ နေပါတယ်။ အကြောင်းရှိလို့ရှိရင် ကျွန်တော်တို့ စက်ပေါက်ပြီးတော့ ဒီမှာဒဏ်ရာရလို့ ဘာလို့ လှမ်းခေါ်လို့ရှိရင်လည်း မင်းတို့ဘာမင်းတို့ဆုတ်လာခဲ့ ငါတို့တက်လို့မရဘူး အဲဒီလိုပြောပါတယ်။ မှန်တယ် အောက်မေ့လို့ ကျွန်တော်ဝင်ခဲ့မိတယ်။ ဒါပေမယ့် မှန်မှမမှန်တာ။ သူတို့ရဲ့လမ်းစဉ်က မမှန်တော့ ကျွန်တော်တို့က ဆုံးဖြတ်တယ်။ ကျွန်တော်တို့ ဒီ ၁၇ ယောက်ပြေးတယ်။ ဒီမှာ အလင်းလာဝင်ပြီဆိုလို့ရှိရင်လည်း ငါတို့နှစ်ယောက်ကလက်နက်ပါမှဖြစ်မယ်။ ကျန်တဲ့သူတွေကတော့ အချုပ်ထဲမှာ။ အချုပ်ဖောက်ပြေးကြပါတယ်။ အချုပ်ဖောက်ထွင်းပြီးတော့ အားလုံးကိုခေါ်လာပါတယ်။ ခေါ်လာတော့ ဒီရောက်တော့ ဘယ်ရောက်လို့ ရောက်နေမှန်းတောင် မသိဘူး။ မသိတော့ ဘယ်သူ့ကိုမှလည်း မဆက်သွယ်ရဲဘူး။ အဲဒီတော့ ကျွန်တော်တို့ကအမှန်အတိုင်းပြောရရင် ယူနီဖောင်းတွေဝတ်ထားတဲ့ ဟာမျိုးကိုပဲ ဆက်သွယ်ရဲပါတယ်။ အဲဒီတော့ အဲဒါမျိုးတွေတွေ့မှပဲ ပြောမယ်ဆိုပြီးတော့ ကျွန်တော်တို့ တောလမ်းအတိုင်းပဲ လျှောက်လာတယ်။ လျှောက်လာတော့ ကျွန်တော်တို့ကိုဆက်သွယ်ပေးတော့ ကျွန်တော်တို့ မြန်အောင် ခလရ (၅၁)မှာ အလင်းဝင်ခဲ့ပါတယ်။ အခုဒီမှာ ပြန်ရောက်တော့ ကျွန်တော်တို့ ဘဝမှာ ရေခဲရေ သောက်လိုက်ရတာတောင် တော်တော်အကောင်းဆုံးဖြစ်နေပါတယ်။ ကျွန်တော်တို့က မထင်ထားဘူးပေါ့နော်။ ကျွန်တော်တို့ကိုတွေ့တာနဲ့ ကျွန်တော်တို့ကို သတ်မယ်လို့ပဲ ထင်ထားတာ။ ဒါပေမယ့် ကျွန်တော်တို့ထင်သလို မဟုတ်ပါဘူး။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးနဲ့ပဲ အားလုံးကကြိုဆိုကြပါတယ်။ စပြီး ကျွန်တော်တို့ကို လာခေါ်ကတည်းက ညီလေး မင်းတို့ ဘာမှမဖြစ်ဘူး။ အေးအေးဆေးဆေးနေ ညီလေး။ မင်းတို့အဆင်ပြေအောင်လုပ်ပေးမယ်။ အနီးစပ်ဆုံးနဲ့ အကောင်းမွန်ဆုံးဖြစ်အောင် အစ်ကိုကြီးတို့ လုပ်ပေးမယ်လို့ ပြောပါတယ်။ အားပေးစကား/ အားရှိစကားပဲ ကျွန်တော်တို့ကိုပြောပါတယ်။ ဒါတွေကို တွေ့ရတော့ ကျွန်တော်တို့အနေနဲ့ ဝမ်းလည်းဝမ်းသာတယ်။ ဂုဏ်လည်း ဂုဏ်ယူတယ်။ ကျွန်တော်တို့ထင်ထားတာနဲ့ တလွဲတွေဖြစ်နေတယ်။ ကျွန်တော်တို့နေရာ၊ ကျွန်တော်တို့ဒေသကိုလည်း ပြန်ပို့ပေးတော့မယ်ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်တို့ မိဘတွေလည်းခေါ်လို့ရတယ်။ ကျွန်တော်တို့ နှစ်နဲ့ချီပြီးတော့ မမြင်ရ မတွေ့ခဲ့ရတာကို အဆက်အသွယ်ရခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်ကြီးကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သိပြီးတော့ အလင်းလာဝင်တယ်။ ဝင်တဲ့အချိန်မှာ ကျွန်တော်တို့မိဘတွေနဲ့ ပေးတွေ့တဲ့အချိန်မှာ ဝမ်းလည်း ဝမ်းသာတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော ဆရာကြီးအကုန်လုံးကိုရော ကျွန်တော်တို့က အထူးပဲ ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။




**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံကမ်းရိုးတန်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီ အတွင်း အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

# သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်လျက်ရှိသည်။




ထိုသို့ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းစစ်သည်များအနက်မှ သုံးပုံတစ်ပုံ လျှော့ပေါ့ခွင့်ရရှိသည့် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းပြီးသူများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ် ထုတ်ပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ပြီးသည့် စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ပြီးသည့် ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။(ဝဲပုံ)

ထို့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများအား အလုပ်အကိုင်ရရှိရေး ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၄ ဦးနှင့် မလေးရှားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၅ ဦးအား ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်း ပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် ရဲတပ်ဖွဲ့ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီး စိုးပိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၄၀ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၅၃၆ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၀၄ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပြည်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ပြည် နိုဝင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ပဲခူးတိုင်းဒေသကြီး၏ အဋ္ဌမအကြိမ်မြောက် "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်"ကို ယနေ့နံနက်ပိုင်းက ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ပွဲတော်မှခ်ဦးဆိုင်းဘုတ်ရှေ့၌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တိုင်းခွဲပညာရေးမှူး ဒေါက်တာချစ်ကိုကိုတို့က ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်မြို့ အ.ထ.က(၃) ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" တေးသီချင်းသီဆိုဖျော်ဖြေမှုဖြင့် အခမ်းအနား စတင်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနာယကက တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပြည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်စာစောင်များကိုလည်းကောင်း၊ စာရေးဆရာများနှင့် စာအုပ်အလှူရှင်များအတွက် ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်မြို့အထက(၃)ကျောင်းသားကျောင်းသူများက "အနာဂတ် လူရည်မွန်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ကပြသီဆိုဖျော်ဖြ တင်ဆက်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အဖွဲ့က ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# သာယာဝတီ၌ ပေါ်ဆန်းစပါးမျိုးများ အောင်မြင်ဖြစ်ထွန်း

**သာယာဝတီ နိုဝင်ဘာ ၁၇**



သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုတွင် စိုက်ပျိုးထားရှိသော တောင်သူ ဦးအောင်မျိုးဦး၏ မိုးစပါးပေါ်ဆန်းမျိုး လေးမျိုးယှဉ်ပြိုင် စမ်းသပ်ကွက်သို့ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးတိုးမင်းနှင့် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးဇော်ဝင်းထွန်းတို့သည် နိုဝင်ဘာ ၁၅ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရေဆင်းပေါ်ဆန်း(၁) စပါးမျိုးသည် သက်တမ်းစပါးမျိုးဖြစ်ပြီး ၁၂၅ ရက် ဖြစ်သောကြောင့် နွေစပါးနှင့် မိုးစပါးပါ စိုက်ပျိုးနိုင်ကြောင်း၊ ပေါ်ဆန်းရင်၊ ရွှေဘိုပေါ်ဆန်းနှင့် ပုသိမ်ပေါ်ဆန်းတို့သည် ရာသီစပါးဖြစ်သောကြောင့် မိုးရာသီတွင် စိုက်ပျိုးနိုင်ကြောင်း၊ အဆိုပါ ပေါ်ဆန်းစပါးများမှာ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချခြင်းအားဖြင့် လက်ရှိစပါးပေါက် ဈေးနှုန်းထက် သုံးဆဝင်ငွေတိုးတက်ရရှိမည်ဖြစ်သောကြောင့် ပေါ်ဆန်းစပါးမျိုးများအား တစ်ဆက်စပ်တည်း စိုက်ပျိုးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ယနေ့ နံနက် ၇ နာရီ ၃၄ မိနစ် ၂၆ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်ဘက် ၇၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(မတူပီမြို့၏ တောင်-အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အေးသာယာ-ပေါမူ-ထီသိမ်ကြား လမ်းပိုင်းပျက်စီးသည့်နေရာများ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေး



**တောင်ကြီး နိုဝင်ဘာ ၁၇**
ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်သည် မြန်မာ့မီးရထားအင်ဂျင်နီယာမှူး (မြို့ပြ) တာဝန်ခံ ဦးဇော်ဟိန်းလတ်နှင့်အတူ မြန်မာ့မီးရထား မိုင်တိုင်အမှတ်(၄) နယ်မြေ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အတွင်းရှိ အေးသာယာ-ပေါမူ-ထီသိမ် ရထားလမ်းပိုင်းတွင် ရထားလမ်းပေါ် ရေကျော်ခြင်း၊ ရထားလမ်း ရေတိုက်စားခံရခြင်းနှင့် ရထားလမ်းတာပေါင်ပြတ်ကျမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာသို့ နိုဝင်ဘာ ၁၄ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

အဆိုပါ ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း Super Typhoon(Yagi)မုန်တိုင်းကြောင့် ပျက်စီးသွားသော အေးသာယာ-ပေါမူ-ထီသိမ် ဘူတာကြား ရထားလမ်းပိုင်း ပြုပြင်ဆောင်ရွက်မှု အခြေအနေအား မြန်မာ့မီးရထားအင်ဂျင်နီယာမှူး(မြို့ပြ) တာဝန်ခံနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရာဂီမုန်တိုင်းကွင်းဆက် သဘာဝဘေး ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသည့် ပေါမူ - ထီသိမ် ဘူတာကြား ရထားလမ်းပိုင်း ၁ ဒသမ ၅ မိုင်အတွင်း လမ်းအူကြောင်းသစ် ရွေးချယ်ဖောက်လုပ်ခြင်း၊ မြေကာနံရံ တည်ဆောက်ခြင်း၊ တံတားများထပ်တိုး တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်းများကို အရည်အသွေးပြည့်မီရေးနှင့် အချိန်မီ ပြီးစီး ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး စနစ်တကျဆောင်ရွက်သွားရန် ရွှေညောင်ဘူတာမှ တောင်ကြီးဘူတာအထိ လမ်းပိုင်း ၂၁ ဒသမ ၃၃ မိုင် တစ်လျှောက် ကျောက်ရထားတွဲဆိုင်း အသုံးပြုလျက် သတ်မှတ်မိုင်နှုန်းပြည့်နှင့် သတ်မှတ်ဝန်ချိန်ပြည့်ဖြင့် အစုန် /အဆန် စမ်းသပ်မောင်းနှင်ခဲ့ရာ လမ်းပိုင်းကြံ့ခိုင်ကောင်းမွန်၍ အဆင်ပြေချောမွေ့စေရေး၊ လမ်းပိုင်းပြန်လည်ဖွင့်လှစ်၍ ရွှေညောင်-တောင်ကြီး ရထားခရီးစဉ်များ ပြေးဆွဲနိုင်ရန် မှာကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန မြန်မာ့မီးရထားမှ ရှုခင်းကြည့် အပျော်စီးရထားကို တောင်ကြီး-ပေါမူ-တောင်ကြီး ခရီးစဉ်များအတိုင်း နိုဝင်ဘာ ၈ ရက်မှစ၍အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မိုင်းယောင်းမြို့၌ နေကြာမျိုးစေ့ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနား ကျင်းပ



**မိုင်းယောင်း နိုဝင်ဘာ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၁ နာရီက ဆောင်းသီးထပ် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရန် နေကြာမျိုးစေ့ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

**နေကြာမျိုးစေ့များ ပေးအပ်**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်နေထွန်းက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက ဆောင်းသီးထပ် ဆီထွက်သီးနှံနေကြာစိုက်ပျိုးရန် နေကြာမျိုးစေ့ ဖြန့်ဖြူးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆောင်းသီးထပ် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရန် တောင်သူများအား နေကြာမျိုးစေ့များကို ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေဝေခိုင်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ တက္ကသိုလ် / ကောလိပ် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေး

**ကျောင်းကုန်း နိုဝင်ဘာ ၁၇**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့၌ တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက် ၉ နာရီခန့်က ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆောင်ရွက်လျက်ရှိသည်။

မြို့ပေါ်အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ တံခွန်တိုင်ကျေးရွာအုပ်စု ဖြိုက်ကျေးရွာအုပ်စုများသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပါတီကိုယ်စားပြုအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရှေ့မှောက်တွင် တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်မည့် ကျောင်းသား



ကျောင်းသူများက ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ဝါသီးနှံစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း နိုဝင်ဘာ ၁၇**
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် မြောက်ဖြိုက်ကျေးရွာ လင်းရောင်ခြည်လယ်/ထွေသမဝါယမ အသင်းသားများ၏ မိုးဝါ(RAKA 666) စိုက်ဧက ၂၀၃ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ခူးဆွတ်ပြီးသည့် မိုးဝါတစ်ကေလျှင် ပျမ်းမျှ ပိဿာ ၉၀၀ ကျော်ခန့် ထွက်ရှိခဲ့ရာ ကာလပေါက်ဈေးနှုန်းအတိုင်းရရှိစေရေး ကြီးကြပ်ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားပြီး ဗိုလ်မင်းရောင်ရပ်ကွက် “လှ”ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် စက်ရက်ကန်းစက်ရုံလုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# မိုင်းဖြတ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**မိုင်းဖြတ် နိုဝင်ဘာ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် မြို့နယ်သစ်တော ဦးစီးဌာနမှ ကျင်းပသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ဆိုက်ခေါင်ကျေးရွာ၌ ကျင်းပသည်။



ဦးစွာ မြို့နယ် သစ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ဌွေးနှင့် ဘိနယ်တာဝန်ခံ ဦးဝင်းအောင် တို့က သစ်တောထိန်းသိမ်းရေး ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်သစ်တောဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ်၌ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ



**မင်းဘူး နိုဝင်ဘာ ၁၇**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။(ယာပုံ)

ဆွေးနွေးပွဲတွင် မင်းဘူး(စကု)မြို့နယ် ကြီးပင်ကန်(အရှေ့)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုမာက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်က အသိဉာဏ် ပညာဗဟုသုတများကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်ဝစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကြီးပင်ကန်(အရှေ့)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူငါးဦးတို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်အင်တာနက်၊ လူငယ်နှင့်ခေါင်းဆောင်မှု စသည့် ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးသည့် အကြောင်းအရာများနှင့်စပ်လျဉ်းပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကော်မတီ

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ကော်မတီ၏ အစီအစဉ်ဖြင့် ဥပဒေပညာဌာနမှကြီးမှူးပြီး စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေအသိအမှတ်ပြု လက်မှတ် (Certificate in Business Law–CBL) သင်တန်းကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်–

| | | |
|---|---|---|
| ၁။ | **ဖွင့်လှစ်မည့်သင်တန်းအမည်** | – စီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေ အသိအမှတ်ပြုလက်မှတ်သင်တန်း (Certificate in Business Law–CBL) |
| ၂။ | **သင်တန်းဝင်ခွင့်အရည်အချင်း** | – တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ |
| ၃။ | **သင်တန်းကာလ** | – (၃)လ |
| ၄။ | **သင်တန်းကြေး** | – (၁၀၀,၀၀၀/–)တစ်သိန်းကျပ်တိတိ |
| ၅။ | **သင်တန်းစတင်ဖွင့်လှစ်မည့်နေ့ရက်** | – ၆–၁၂–၂၀၂၅ရက် (စနေနေ့) |
| ၆။ | **လျှောက်ထားရမည့်ရက်** | – (၁၉–၁၁–၂၀၂၅)ရက် မှ (၂၈–၁၁–၂၀၂၅)ရက် ထိ |
| ၇။ | **Registration Link** | – https://forms.gle/8m4xyn82hCXkL3PY6 |
| ၈။ | **သင်တန်းအချိန်** | – အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ နံနက် ၉:၀၀နာရီမှ ၁၂:၀၀ နာရီ အထိ တစ်ပတ်လျှင်(၂)ရက် ၊Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။ |
| ၉။ | **အသေးစိတ်သိရှိလိုပါက** | – ဖုန်း–၀၉–၈၇၆၁၀၉၃၆၄၄၊ ၀၉–၄၃၀၂၀၄၂၀ |
| | **ဆက်သွယ်ရန်လိပ်စာ** | – ၀၉–၄၅၀၅၀၀၃၅၄ |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ–၃)၊ ဦးပိုင်အမှတ်(၄၄)၊ ၆၂(အေ)လမ်း၊ ၁၀၄(အေ)X၁၀၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တော၏(GPရရှိသူ ဦးအောင်ဇော်မိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၈၀/၂၀၂၅)ဖြင့်ဝယ်ယူခဲ့သူ ဦးသန်းထိုက်စံ ၁၂/ခရန(နိုင်)၀၀၁၉၃၈က အမှုတွဲအမှတ်(၃၅၄၄/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ ရပ်ကွက်၊ အကွက်အမှတ် (ဆ–၁၁)၊ ဦးပိုင်အမှတ်(၂၆–ခ+၃၅–က)၊ ၆၉(ဘီ)လမ်း၊ ၁၀၉X၁၀၉(ဘီ) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ဝမ်းတင်၊ ဒေါ်တင်အေးခိုင်တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၆၀၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်စိုး ၈/မမန(နိုင်) ၁၂၂၂၈၈၈ အမှုတွဲအမှတ်(၃၅၃၉/၂၀၂၅–၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

